# ကြေးမုံ The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 31 August 2022 ၁၀၈၄၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်း များဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ**
**အသိပေးကြေညာချက်**

**၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်**
**(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)**

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များ မပါ)အား ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။





နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၃၀

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ဘင်္ဂလားဒေ့ရှ်သို့ ရေထွက်ကုန်မက်ထရစ်တန်ချိန် ၆၁၃၂ ဒသမ ၄၀ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၈၅ သန်းရရှိခဲ့

ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ် ၂၆ ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေထွက်ကုန်ပစ္စည်း မက်ထရစ်တန်ချိန် ၆၁၃၂ ဒသမ ၄၀ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၈၅ သန်းရရှိခဲ့ကြောင်း သိရသည်။

ပြီးခဲ့သော ဘဏ္ဍာနှစ်(မီနီဘတ်ဂျက်)တွင် ရခိုင်ပြည်နယ်စစ်တွေနှင့် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုမှ ရေထွက်ကုန်မက်ထရစ်တန်ချိန်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



**ယနေ့** ဖတ်စရာ


**ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း**
စာမျက်နှာ » ၃

**အနုပညာဖန်တီးမှုနှင့် ရာမာယဏ**
ဆောင်းပါး စာမျက်နှာ » ၆

**ယဉ်ကျေးလီမ္မာ စာပဒေသာ**
စာမျက်နှာ » ၁၈၊ ၁၉

ကြေးမုံ

# အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်

နိုင်ငံတိုင်းတွင် အစဉ်အလာရှိသည့် ကိုယ်ပိုင်ယဉ်ကျေးမှုရှိသည်။ ယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်လျှင် နိုင်ငံ့ဂုဏ်မြင့်မားပြီး နိုင်ငံအဓွန့်ရှည်တည်တံ့ခိုင်မြဲသည်။ ယဉ်ကျေးမှုကိုမထိန်းသိမ်းပါက ကောင်းမြတ်သည့် အစဉ်အလာများ ကွယ်ပျောက်၍ နိုင်ငံတည်တံ့ခိုင်မြဲမှုလည်း လျော့ကျပျက်စီးနိုင်သည်။ နိုင်ငံဖြစ်တည်ပေါ်ပေါက်လာမှုနှင့် အရှည်တည်တံ့လာခဲ့သည့် သမိုင်းကြောင်းအစဉ်အလာ ယဉ်ကျေးမှုလက္ခဏာများသည် ဖြစ်တည်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စည်းလုံးညီညွတ်မှုတို့နှင့် ဆက်စပ်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နှစ်ပေါင်းထောင်ချီ အဓွန့်ရှည်ကြာတည်တံ့ခိုင်မြဲလာခဲ့သည်မှာ ယဉ်ကျေးမှုအစဉ်အလာကြီးမားသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ အတူတကွလက်တွဲ၍ ချစ်ခင်စည်းလုံးစွာ နေထိုင်လာသောကြောင့်ဖြစ်သည်။ ကိုယ်ပိုင်ယဉ်ကျေးမှုလက္ခဏာများကို ယနေ့ထက်တိုင်ထိန်းသိမ်းစောင့်ရှောက်ပြီး တစ်ဦး၏ယဉ်ကျေးမှုကို တစ်ဦးက လေးစားတန်ဖိုးထားအသိအမှတ်ပြုကြသောကြောင့်ဖြစ်သည်။ နေထိုင်ရာ ရေမြေဒေသသဘာဝကိုလိုက်၍ ဘာသာစကား၊ သက်ဝင်ယုံကြည်မှုနှင့် ဓလေ့ထုံးစံများကွဲပြားသော်လည်း တိုင်းရင်းသားလူမျိုးအားလုံး၏ တူညီသောအချက်မှာ မိမိတို့၏ယဉ်ကျေးမှုကို မြတ်နိုးပြီး အခြားသောသူတို့၏ယဉ်ကျေးမှုကို တန်ဖိုးထားခြင်းဖြစ်သည်။

ယင်းသည် အေးချမ်းသာယာပြီး တည်ငြိမ်အေးချမ်းမှုအတွက် အဓိကကျသောအချက်ဖြစ်သည်။ ခေတ်ရေစီးကြောင်းပြောင်းလဲမှုနှင့် တိုးတက်မှုကို လက်ခံအသိအမှတ်ပြုကြရမည်ဖြစ်သော်လည်း ကိုယ်ပိုင်ယဉ်ကျေးမှုကို ဖျောက်ဖျက်မပစ်ဘဲ တန်ဖိုးထားရန်လိုအပ်ပါသည်။ အရှေ့နိုင်ငံများရှိ မျိုးဆက်သစ်ပြည်သူများသည် တိုးတက်မှုနှင့်အတူ လိုက်လျောညီထွေစွာ စီးမျောနေကြသော်လည်း ကိုယ်ပိုင်ယဉ်ကျေးမှု၊ အစဉ်အလာကြီးမားသည့် မိမိတို့၏ယဉ်ကျေးမှုကို တန်ဖိုးထားအသိအမှတ်ပြုကြသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ၏ မျက်မှောက်ကာလယဉ်ကျေးမှုအနေအထားကို လေ့လာကြည့်လျှင် မြန်မာတို့၏ အစဉ်အလာကြီးမားသော ယဉ်ကျေးမှုကို တန်ဖိုးထားသူများရှိသလို အလေးမထား ပစ်ပယ်ထားကြသူများလည်းရှိသည်။

မြန်မာနိုင်ငံသည် သမိုင်းစဉ်တစ်လျှောက် ကိုလိုနီလက်အောက်တွင် မြန်မာတို့၏ အမျိုးသားယဉ်ကျေးမှုကို မြန်မာတို့ကိုယ်တိုင်မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် မြန်မာတို့က တန်ဖိုးထားပြီး အစိုးရအဆက်ဆက်တို့က ထိန်းသိမ်းမြှင့်တင်ပေးခဲ့သည်။ ပြီးခဲ့သည့် ၁၀ နှစ်တာကာလအတွင်း ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့်အတူ အစဉ်အလာရှိသည့် မြန်မာ့ယဉ်ကျေးမှုများလည်း တစ်စတစ်စပွန်းပဲ့လာသည်ကို တွေ့ရမည်ဖြစ်သည်။ လူမှုဘဝနယ်ပယ်နှင့် ကဏ္ဍအသီးသီးတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သည့် လှုပ်ရှားခေါင်းဆောင်မှုများ၊ ဦးဆောင်မှုများပြုလုပ်လာရုံသာမက ဘာသာ၊ သာသနာ၊ ရိုးရာယဉ်ကျေးမှုကို ပုတ်ခတ်စော်ကား ထိပါးလာသည်အထိ ပြုလုပ်လာကြသည်ကို စိတ်မချမ်းမြေ့ဖွယ် တွေ့ခဲ့ရသည်။ ဒီမိုကရေစီကို အားလုံးလက်ခံသဘောကျသော်လည်း ဘာသာသာသနာ၊ မြန်မာ့ယဉ်ကျေးမှုကို မပွန်းပဲ့မထိခိုက်စေသည့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ဖော်ဆောင်ကြရန်လိုအပ်ပေသည်။ အနောက်ယဉ်ကျေးမှုနှင့်အနောက်စိတ်ထား၊ ဓလေ့စရိုက်များကို ပုံတူကူးချမည်ဆိုပါက မြန်မာ့ယဉ်ကျေးမှုလည်း ပျောက်ကွယ်သွားပြီး စည်းလုံးညီညွတ်မှုနှင့် နိုင်ငံတည်တံ့ခိုင်မြဲမှုကို ထိခိုက်လာမည်ဖြစ်သည်။

မြန်မာ့နိုင်ငံရေးသမိုင်းတွင် မည်သည့်ဝါဒ၊ မည်သည့်လမ်းစဉ်ကျင့်သုံးခဲ့သည်ဖြစ်စေ ဗြဟ္မစိုရ်တရား လက်ကိုင်ထားပြီး မေတ္တာတရားနှင့်ယှဉ်ကာ ရပ်တည်နေထိုင်လာခဲ့သော နိုင်ငံဖြစ်သည်။ ထိုသို့နေထိုင်ခဲ့သောကြောင့်လည်း နှစ်ပေါင်းထောင်ချီအဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်။ ဒီမိုကရေစီကိုအကြောင်းပြု၍ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုကို ပွန်းပဲ့ထိခိုက် ထိပါးစော်ကားလာသည့်အကျိုးဆက်မှာ မြန်မာအချင်းချင်း မေတ္တာတရားခေါင်းပါးပြီး အချင်းချင်းနှိပ်စက်လုယက် သတ်ဖြတ်ခြင်းများအပြင် မိဘ၊ ဆရာသမား၊ လူကြီးသူမများသာမက ဘာသာ၊ သာသနာ၊ ဘုရား၊ ရဟန်းသံဃာများပါမကျန် ကိုယ်ထိလက်ရောက်စော်ကားပြစ်မှားသည့် ကျူးလွန်မှုများပင် ပြုလုပ်လာကြသည်။

ထို့ကြောင့် ပျက်စီးယိုယွင်းသွားသည့် ဓလေ့စရိုက်လက္ခဏာများကို ပြန်လည်ကောင်းမွန်လာအောင် ဆေးကြောသုတ်သင် သန့်စင်ပေးရမည်ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုနှင့် လူ့ဘောင်အဖွဲ့အစည်းကြီးအတွင်းရှိ မြန်မာတို့၏ အစဉ်အလာကြီးမားသည့် မွန်မြတ်သော ထုံးတမ်းစဉ်လာ၊ ဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုတို့ကို ဝိုင်းဝန်းမြှင့်တင်ပေးကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

( ဂ ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## လူငယ်အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ပြုလုပ်

ဖျာပုံ ဩဂုတ် ၂၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဖျာပုံမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် အသိပညာပေးနံရံကပ်စာစောင်ပြသခြင်းကို ဩဂုတ် ၂၉ ရက် နံနက် ၁၁ နာရီက ဖျာပုံမြို့နယ် အောင်သာယာကျေးရွာအုပ်စု အလက (ခွဲ) ကျောင်းခန်းမ၌ ကျင်းပသည်။



အဆိုပါ ဟောပြောပွဲတွင် ဖျာပုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာလွင်နှင့် ဖျာပုံမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဒေါ်စုမြတ်သဲတို့က အသိပညာပေး ဟောပြောသည်။

ထို့နောက် ဖျာပုံမြို့နယ် အားကစားမှူးက အောင်သာယာကျေးရွာ အလက (ခွဲ)ကျောင်းသို့ အားကစားပစ္စည်းများ ပေးအပ်သည်။

ဟောပြောပွဲတွင် ဖျာပုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ ရသ စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

၂၀၇

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃၀- ၈ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၀၀၀ | ၇,၃၀၀ | ၁၄၀ | ၁,၀၀၅,၀၀၀ |
| MTSH | ၂,၄၅၀ | ၂,၅၀၀ | ၁၉,၅၉၆ | ၄၈,၀၂၆,၃၅၀ |
| MCB | ၆,၈၀၀ | ၆,၈၀၀ | ၂၀၆ | ၁,၄၀၀,၈၀၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၁ | ၁၈,၀၀၀ |
| TMH | ၂,၄၀၀ | ၂,၃၀၀ | ၄၄၆ | ၁,၀၆၇,၀၅၀ |
| EFR | ၂,၄၀၀ | ၂,၄၀၀ | ၂ | ၄,၈၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၅ | ၂၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၃၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၁၀၇.၄ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၄.၁၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၇.၇၄၈ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၈.၈၅ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၄၀၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၆၀.၆ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၀၅.၅ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၁၈.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၅.၉၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၄၃/၂၀၂၂)**
**၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်**
**(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို "ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ"ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၏နောက်တွင် ပုဒ်မခွဲ (ဈ)၊ (ည)နှင့် (ဋ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(ဈ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဥပဒေရေးရာ ဝန်ကြီးဌာနကို ဆိုသည်။

(ည) **ပြည်ထောင်စုရှေ့နေချုပ်** ဆိုသည်မှာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ကို ဆိုသည်။

(ဋ) **ဒုတိယရှေ့နေချုပ်** ဆိုသည်မှာ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်ကို ဆိုသည်။"

၃။ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေတွင် ပါရှိသော "ပြည်ထောင်စုရှေ့နေချုပ်ရုံး" ဆိုသည့် စကားရပ်ကို "ဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ ပုဒ်မ ၁၂ တွင် –

(က) ပုဒ်မခွဲ (ဇ)၏ နောက်၌ ပုဒ်မခွဲ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ)၊ (တ) နှင့် (ထ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(ဈ) ပြစ်မှုဆိုင်ရာအမှုများကို တရားစွဲဆိုတင်ပို့ခြင်း မပြုမီ သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းက ဥပဒေအကြံဉာဏ်တောင်းခံပါက ဥပဒေအကြံဉာဏ်ပေးခြင်း၊

(ည) နိုင်ငံတော်က တရားလို သို့မဟုတ် တရားပြိုင်အဖြစ် ပါဝင်သော တရားမမှုများတွင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ဥပဒေအကြံဉာဏ် တောင်းခံပါက ဥပဒေအကြံဉာဏ်ပေးခြင်း၊

(ဋ) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက စီမံခန့်ခွဲသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကနဦးရေးဆွဲပေးပို့သည့် ဥပဒေမူကြမ်းများအပေါ် အကြံပြုချက်တောင်းခံခြင်းနှင့်စပ်လျဉ်း၍ စိစစ်အကြံပြုခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြင်ဆင်ခြင်း၊

(ဌ) နိုင်ငံသားများ၏ ဥပဒေကြောင်းဆိုင်ရာ တင်ပြစာများအပေါ် စိစစ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ လိုအပ်ပါက အကြံပြုခြင်း၊

(ဍ) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများအကြား ဖြစ်ပွားသော အငြင်းပွားမှုနှင့် သက်ဆိုင်ခြင်းမရှိသည့် စီးပွားရေး စာချုပ်စာတမ်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေရေးရာ ဆွေးနွေးမှုပြုခြင်း၊

(ဎ) တရားစွဲဆိုတင်ပို့ခြင်းမပြုမီ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် အထွေထွေဥပဒေ အကြံဉာဏ်ပေးခြင်းများကို သက်ဆိုင်ရာဥပဒေရုံးက သတ်မှတ်ချက်များနှင့်အညီ အချိန်မီပေးပို့ တင်ပြစေရေး၊ ဥပဒေနှင့်အညီ ပြင်ဆင်စေရေးအတွက် ဥပဒေရုံးအဆင့်ဆင့်ကို ကြီးကြပ်ခြင်း၊

(ဏ) အယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှုနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ဥပဒေရုံးအဆင့်ဆင့်ကို ကြီးကြပ်ခြင်း၊

(တ) ဥပဒေရေးရာ အသိပညာပြန့်ပွားရေးဆောင်ရွက်ခြင်းနှင့် ဥပဒေဆိုင်ရာ သုတေသနပြုခြင်း၊

(ထ) ဥပဒေအရာရှိများ၏စွမ်းဆောင်ရည် တိုးတက်စေရန် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် အသုံးချမှုကို စနစ်တကျဆောင်ရွက်စေရေးအတွက် လမ်းညွှန်ကြီးကြပ်ခြင်း၊"

(ခ) မူလပုဒ်မခွဲ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ)၊ (တ) နှင့် (ထ) တို့ကို ပုဒ်မခွဲ (ဒ)၊ (ဓ)၊ (န)၊ (ပ)၊ (ဖ) (ဗ)၊ (ဘ)၊ (မ)နှင့် (ယ)တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၅။ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ (ဆ)၏ နောက်တွင် ပုဒ်မခွဲ (ဇ)နှင့် (ဈ)တို့ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

"(ဇ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ဝန်ကြီးဌာန၏ ဥပဒေအကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ အစီရင်ခံတင်ပြခြင်း၊

(ဈ) ဝန်ကြီးဌာန၏အကြံပြုချက်ရယူပြီး ချုပ်ဆို၍ ပြန်လည်ပေးပို့သည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာစာချုပ်များ၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်စာတမ်းများနှင့် အခြားစာချုပ်စာတမ်းများ၏ မိတ္တူများကို စိစစ်ပြီး လိုအပ်ပါက ဥပဒေအကြံပြုချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ အစီရင်ခံတင်ပြခြင်း။"

၆။ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ ပုဒ်မ ၂၆ တွင်

(က) ပုဒ်မခွဲ (ဍ) ၏ နောက်တွင် ပုဒ်မခွဲ (ဎ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(ဎ) ဥပဒေရေးရာအသိပညာ ပြန့်ပွားရေးဆောင်ရွက်ခြင်းနှင့် ဥပဒေဆိုင်ရာ သုတေသနပြုခြင်း၊"

(ခ) မူလပုဒ်မခွဲ (ဎ) ကို ပုဒ်မခွဲ (ဏ) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

**☆ ရှေ့ဖုံးမှ**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်၊ အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စဝ်ဆောင်းဟန်တို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်တို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ဇယား(၁) ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် ဇယား(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတို့နှင့် ပတ်သက်၍ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်က ကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး (၉)ကြိမ်မြောက် JICM ဆုံးဖြတ်ချက်ပါ ဆက်လက်ညှိနှိုင်းဆွေးနွေးရမည့် ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ(ဇယား၂)ကို ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ၎င်းတို့၏ ဆန္ဒသဘောထားများနှင့် လိုလားချက်များကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားလိုက်သည်။

ဒုတိယနေ့ ဆွေးနွေးပွဲကို ဩဂုတ် ၃၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

**❖ ဘင်္ဂလားဒေ့ရှ်မှ**

၁၁၃၆၂ ဒသမ ၉၇ သန်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၃၈၇ သန်းရရှိခဲ့သည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၌ စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ပစ္စည်း မက်ထရစ်တန် ၈၂၃ ဒသမ ၄၀ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၈ သန်းနှင့် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ မက်ထရစ်တန်ချိန် ၅၃၀၉ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၀၅ သန်းရရှိခဲ့ပြီး နယ်စပ်ဂိတ်နှစ်ခုတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၈၅ သန်း ရရှိထားခြင်းဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ထွက်ရှိသော ရေထွက်ကုန်တို့တွင် ငါးမြစ်ချင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အဓိကပို့ကုန်အဖြစ် တင်ပို့လျက်ရှိပြီး အခြား ရေထွက်ကုန်များဖြစ်သည့် ငါးနီတူခြောက်၊ ငါးမုတ်မည်း၊ ငါးခုံးငိုခြောက်၊ ငါးစလူးခြောက်စသည့် ရေထွက်ပစ္စည်းများကိုလည်း တင်ပို့လျက်ရှိသည်။

ရန်ကုန်မြို့မှ ရခိုင်ပြည်နယ် စစ်တွေသို့ ငါးမြစ်ချင်းများကို သင်္ဘောဖြင့် တင်ပို့သည့်နည်းတူ ကုန်းကြောင်းမှလည်း တင်ပို့လျက်ရှိပြီး မိုးရာသီ၌ တစ်လလျှင် ယာဉ်အစီးရေ ၁၀၀ မှ ၁၅၀ အကြား ကုန်စည်စီးဆင်းလျက်ရှိရာ ဧပြီလမှ ဩဂုတ်လကုန်အထိ ပို့ကုန်တန်ချိန် ၆၀၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သော ဘဏ္ဍာနှစ် (မီနီဘတ်ဂျက်)တွင် တစ်လလျှင်



ရေထွက်ကုန် ပို့ကုန်တန်ချိန် ၁၅၀၀ မှ ၁၇၀၀ အထိ တင်ပို့နိုင်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၌ တစ်လလျှင် ရေထွက်ကုန်တန်ချိန် ၁၂၀၀ ခန့်သာ တင်ပို့နိုင်ခဲ့၍ ပို့ကုန်အနည်းငယ် လျော့ကျခဲ့သည်။

ဝယ်လိုအားရှိသော မြန်မာ့ရေချိုငါးမြစ်ချင်းကို ခရီးဝေးမှ တင်ပို့ခြင်းထက် ကုန်ကျစရိတ်သက်သာပြီး ရေထွက်ကုန်အရည်အသွေးကို ထိန်းချုပ်၍ တန်ဖိုးမြင့်ပို့ကုန်အဖြစ် တင်ပို့နိုင်ရန် ရေချိုငါးမြစ်ချင်းကို ရခိုင်ပြည်နယ်တွင် ငါးလုပ်ငန်းဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ယခုနှစ်ဝက်ကာလ၌ လုပ်ငန်းရှင်အချို့ စတင်မွေးမြူလျက်ရှိရာ ၂၀၂၃ ခုနှစ်တွင် အိမ်နီးချင်းနိုင်ငံသို့ စတင်တင်ပို့နိုင်မည်ဖြစ်သည်။

"ဒီနှစ်မှာ ငါးမြစ်ချင်းသားပေါက် စထည့်ထားပြီဆိုတော့ လာမယ့်နှစ်ဆိုရင် ဖော်လို့ရပါပြီ။ အရင်ကတည်းက ရေချိုငါးမြစ်ချင်းမွေးမြူမယ်ဆိုရင် ဒီဒေသရဲ့ ပြည်ပပို့ကုန်တစ်ခုအဖြစ် မွေးမြူရေးတောင်သူတွေ ဝင်ငွေပိုမိုရရှိစေခဲ့မှာပါ။ နိုင်ငံ့စီးပွားမြှင့်တင်ရေးကဏ္ဍမှာ ရခိုင်ပြည်နယ်ရဲ့ ပို့ကုန်တန်ဖိုးမြှင့်တင်နိုင်ဖို့ ပြည်နယ်အစိုးရအနေနဲ့ အစွမ်းကုန်ဆောင်ရွက်ပေးနေတာကြောင့် ပြည်နယ်အတွက် အကျိုးဖြစ်ထွန်းမှုကို တွေ့မြင်ရမှာပါ" ဟု ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသက်ဦးက ပြောသည်။

မြန်မာနိုင်ငံရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်ရေးသည် သွင်းကုန်နည်းပြီး ပို့ကုန်အသာစီးရရှိသော နယ်စပ်ဂိတ်တစ်ခုဖြစ်ပြီး ရေချိုထွက်ကုန်ဝယ်လိုအားရှိ၍ ပြည်တွင်းရေချိုငါးမွေးတောင်သူများနှင့် လုပ်ငန်းရှင်များအတွက် အခွင့်အလမ်းများစွာရရှိထားသည်။ တစ်ချိန်တွင် ရေထွက်ကုန်တိုးမြှင့်တင်ပို့ရာ တံခါးပေါက်ကြီးတစ်ခုအဖြစ် မွေးမြူရေးကဏ္ဍသာမက စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့သော နိုင်ငံခြားဝင်ငွေပိုမိုရရှိသည့် နယ်စပ်ဂိတ်တစ်ခုအဖြစ် ရပ်တည်လာနိုင်ဖွယ်ရှိသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ – ကနူး**

# “အသက်ထက်မြတ်သော ဂုဏ်သိက္ခာ” ဇာတ်တော်ကြီး ဝတ်စုံပြည့်ဇာတ်တိုက်လေ့ကျင့်





**နေပြည်တော် ဩဂုတ် ၃၀**

အသက်ထက်မြတ်သော ဂုဏ်သိက္ခာ ဇာတ်တော်ကြီး ဇာတ်တိုက်လေ့ကျင့်မှုကို ယမန်နေ့ညပိုင်းတွင် နေပြည်တော်ရှိ အနုပညာဦးစီးဌာန လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ(ငြိမ်း) ဦးခင်အောင်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ဦးစီးအရာရှိ(ပထမတန်း) (ပြည်သူ့ဆက်ဆံရေး) ဒုတိယဗိုလ်မှူးကြီး ဇော်မင်းထိုက်၊ အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်(မြဝတီ)တပ်မှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဝတ်စုံပြည့် ဇာတ်တိုက် လေ့ကျင့်ခြင်းအစီအစဉ်သို့ တက်ရောက်လာသူများကို “အသက်ထက်မြတ်သော ဂုဏ်သိက္ခာ” ဇာတ်တော်ကြီးတင်ဆက်ကပြရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဇာတ်တော်ကြီး တင်ဆက်ကပြအပြီးတွင် ပြည်ထောင်စုဝန်ကြီးက ပြင်ဆင်သင့်သည့် ဇာတ်ဝင်ခန်းများ၊ ဇာတ်ဝင်ဇာတ်စာဇာတ်စကားများကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ ဇာတ်တော်ကြီး တင်ဆက်ကပြသော အနုပညာရှင်ဝန်ထမ်းများကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးကိုကို၊ ဦးမောင်မောင်အုန်း၊ ဦးအောင်နိုင်ဦးနှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းတို့က ဂုဏ်ပြုငွေများ ပေးအပ်ကြသည်။

“အသက်ထက်မြတ်သော ဂုဏ်သိက္ခာ” ဇာတ်တော်ကြီးတွင် နတ်သျှင်နောင်အဖြစ် တက္ကသိုလ်အားမာန်၊ ရာဇဓာတုကလျာအဖြစ် ဒေါ်ဇာနည်အောင်၊ ရဝေရှင်ထွေးအဖြစ် ဒေါ်သီရိမျိုးစံ၊ အင်းဝဘုရင် မင်းရဲနန္ဒမိတ်အဖြစ် ရွှေတံဆိပ်ဆုများရှင် ဦးဉာဏ်ဝင်း၊ လူရွှင်တော်များဖြစ်ကြသည့် ဝမ်းတူး၊ အာပြဲ၊ ရောင်နီ၊ လမုန့်နှင့် ဇာတ်ပို့ဆိုင်း ရွှာစားနိုင်လင်းဗိုလ်နှင့်အဖွဲ့တို့က ပံ့ပိုးတီးခတ်ထားသည်။

အနုပညာဦးစီးဌာနသည် ရိုးရာယဉ်ကျေးမှု အနုသုခုမအမွေအနှစ်များကို ရှာဖွေခြင်း၊ ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် တိုးတက်ပြန့်ပွားစေရန် ဆောင်ရွက်ခြင်းစသည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပြီး အများပြည်သူများ စိတ်အပန်းပြေစေရန်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှုများကိုအခြေခံသည့် ဖျော်ဖြေရေး အစီအစဉ်များကို ဖော်ထုတ်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ **သတင်းစဉ်**

# မဲခေါင်-လန်ချန်း စီမံကိန်း သတင်းအချက်အလက်ဗဟိုဌာန အဆောက်အအုံဖွင့်လှစ်



**နေပြည်တော် ဩဂုတ် ၃၀**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၁၈)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းအတွက် အသုံးပြုရန် မဲခေါင်-လန်ချန်းစီမံကိန်း သတင်းအချက်အလက်ဗဟိုဌာန အဆောက်အအုံဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဒက္ခိဏခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးဝင်းအတွင်း ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Dr. Zheng Zhihong နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ဖွင့်လှစ်သည့် မဲခေါင်-လန်ချန်းစီမံကိန်း သတင်းအချက်အလက်ဗဟိုဌာနအနေဖြင့် မဲခေါင်-လန်ချန်းဒေသတွင်း နိုင်ငံများအကြား သတင်းအချက်အလက်ဖလှယ်မှု စကြံမှုတစ်ဆင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် လယ်ယာကဏ္ဍ ကျေးလက်ကဏ္ဍဆိုင်ရာ စီမံကိန်းအချက်အလက်များ၊ ညွှန်းကိန်းများကို အပြန်အလှန်ချိတ်ဆက်အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ သတင်းအချက်အလက်ဌာနတွင် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုတိုးတက်ရေး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆက်သွယ်ဆောင်ရွက်မှု မူဘောင်များရေးဆွဲရေးစသည့်လုပ်ငန်းများကို ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ သတင်းအချက်အလက်ဌာနရှိခြင်းဖြင့် မိမိတို့နိုင်ငံအတွင်း၌ ဖြစ်ပေါ်လျက်ရှိသည့် စားနပ်ရိက္ခာထုတ်လုပ်မှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ စုစည်းခြင်း၊ စာရင်းပြုစုခြင်း၊ စိစစ်ခြင်း စသည့် အလေ့အကျင့်နှင့် အတွေ့အကြုံများကို မြှင့်တင်နိုင်မည်ဖြစ်ပြီး နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများလည်း အားကောင်းလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံက နှုတ်ခွန်းဆက်စကားပြောကြားပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း (၂၀၁၈)ညှိနှိုင်းကွပ်ကဲရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌက စီမံကိန်းလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၁၈)ဖြင့် ဆောင်ရွက်သည့် စားနပ်ရိက္ခာလုံခြုံရေးနှင့် သတင်းအချက်အလက်များ လေ့လာသုံးသပ်ခြင်းနှင့် ညွှန်းကိန်းများအတွက် ပံ့ပိုးပေးနိုင်ရန် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဆိုင်ရာ စာရင်းအင်းအချက်အလက် စကြံတစ်ခုတည်ထောင်ခြင်း စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ သံရုံးယာယီတာဝန်ခံနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက မဲခေါင်-လန်ချန်းစီမံကိန်း သတင်းအချက်အလက်ဗဟိုဌာန အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မှခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဆိုင်ရာ စာရင်းအင်းအချက်အလက်ဌာန ကြေးပြားဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး မဲခေါင်-လန်ချန်းစီမံကိန်း သတင်းအချက်အလက်ဗဟိုဌာန အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

မဲခေါင်မြစ် ဖြတ်သန်းစီးဆင်းရာ မြန်မာ၊ တရုတ်၊ ကမ္ဘောဒီးယား၊ လာအို ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ ပါဝင်သော မဲခေါင်-လန်ချန်း နိုင်ငံများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှု၊ တန်းတူညီမျှရှိမှု၊ တစ်ဦးပေါ်တစ်ဦး နားလည်ပေးနိုင်မှု စသည်တို့အပေါ် အခြေခံသည့် ချစ်ကြည်ရင်းနှီးမှုနှင့် နွေးထွေးသော ဆက်ဆံမှုများကိုအခြေပြုပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီမံကိန်း ၃၁ ခု အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့ဖွင့်လှစ်သည့် မဲခေါင်-လန်ချန်းစီမံကိန်း သတင်းအချက်အလက်ဗဟိုဌာန လုပ်ငန်းသည်လည်း စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# “တူယှဉ် နွဲ့ပျော် ဂီတပွဲတော်” (Season-2) ပြည်နယ်အဆင့်ပြိုင်ပွဲတွင် ရွေးချယ်ခံထားရသူများအား ဂုဏ်ပြုထောက်ပံ့ခြင်းအခမ်းအနား ကျင်းပ



**မော်လမြိုင် ဩဂုတ် ၃၀**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်“တူယှဉ်နွဲ့ပျော်ဂီတပွဲတော်” (Season-2) ပြည်နယ်အဆင့်ပြိုင်ပွဲတွင် ရွေးချယ်ခံထားရသူများအား ဂုဏ်ပြုထောက်ပံ့ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ် “ တူယှဉ်နွဲ့ပျော် ဂီတပွဲတော်” (Season-2) တွင် မွန်ပြည်နယ်ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များ အနေဖြင့် သတ်မှတ်စည်းမျဉ်းစည်းကမ်းနှင့်အညီ ရွေးချယ်ထားပြီးဖြစ်၍ မိမိတို့သီဆိုယှဉ်ပြိုင်ရမည့် စိတ်ကြိုက်တေး၊ ပြဋ္ဌာန်းတေးများကို စနစ်တကျလေ့ကျင့်ထားရန်နှင့် ပြည်နယ်ဂုဏ်ကို ဖော်ဆောင်နိုင်ရန်အတွက် ကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် “တူယှဉ်နွဲ့ပျော်ဂီတပွဲတော်” (Season-2) ပြည်နယ်အဆင့်ပြိုင်ပွဲတွင် ရွေးချယ်ခံထားရသူများက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ ဂုဏ်ပြုငွေများ ထောက်ပံ့ပေးအပ်ပြီး မွန်ပြည်နယ် ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးချန်ထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

“တူယှဉ်နွဲ့ပျော် ဂီတပွဲတော်” (Season-2) ပြည်နယ်အဆင့်ပြိုင်ပွဲကို မော်လမြိုင်မြို့ ပညာရေးဒီဂရီကောလိပ်၌ ဩဂုတ် ၈ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့ပြီး မွန်ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင် သုံးဦးကို စိစစ်ရွေးချယ်ကာ ဗဟိုအဆင့်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့်သူများအတွက် ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ် ၃၂ သိန်း ဂုဏ်ပြုထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထံ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ခန့်အပ်လွှာပေးအပ်



နေပြည်တော် ဩဂုတ် ၃၀

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (United Nations Food and Agriculture Organization– FAO) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Dr. Yuka Makino က ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ဂါရဝပြုတွေ့ဆုံပြီး ၎င်း၏ခန့်အပ်လွှာကို ပေးအပ်သည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၂ ခုနှစ် ဗိုဗီနမ်နည်းပြသင်တန်း သင်တန်းဆင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၃၀

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၂၂ ခုနှစ် ဗိုဗီနမ်နည်းပြသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Gold Camp ရှိ Multipurpose Hall ၌ ကျင်းပသည်။




## ပေးအပ်ချီးမြှင့်

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြိုင်ပွဲများကို စနစ်တကျ စည်းကမ်းပြည့်ဝစွာ ကျင်းပနိုင်ရေးနှင့် မျိုးဆက်သစ်အားကစားသမားများအား လေ့ကျင့်သင်ကြားပေးရာတွင် တာဝန်ယူကြရမည့် နည်းပြများအနေဖြင့် နည်းစနစ်များနှင့် နည်းဥပဒေများကို ကျွမ်းကျင်ပိုင်နိုင်စေရန်နှင့် မှန်ကန်စွာ သင်ကြားလေ့ကျင့်ပေးရန်အတွက် ယခုသင်တန်းတွင် စာတွေ့/လက်တွေ့ သင်ခန်းစာများအား စနစ်တကျ သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် မိမိတို့ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ပြန်လည်ရောက်ရှိသည့်အခါ သင်တန်းတွင် သင်ကြားပို့ချခဲ့သည့် စာတွေ့/ လက်တွေ့သင်ခန်းစာများ၊ နည်းစနစ်များနှင့် နည်းဥပဒေများကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ပြန်လည်အသုံးချ၍ အကောင်အထည်ဖော်ပြီး အဖွဲ့ချုပ်နှင့် နိုင်ငံတော်အတွက် အားကိုးအားထားပြုရသည့် နည်းပြဆရာကောင်းများဖြစ်အောင် ကြိုးစားသွားကြရန်နှင့် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် အားကစားသမားများစွာ မွေးထုတ်ပေးကြရန်လိုကြောင်း တိုက်တွန်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသား သင်တန်းသူ နှစ်ဦးကို သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပလျက်ရှိသည့် ၂၀၂၂ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲ ပွဲစဉ်အား တက်ရောက်ကြည့်ရှုအားပေးသည်။

## ယှဉ်ပြိုင်ကစားမည်

တတိယလုပွဲ ပွဲစဉ်အဖြစ် စက်တင်ဘာ ၁ ရက် ညနေပိုင်းတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် စက်တင်ဘာ ၂ ရက် ညနေပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၃၀

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ပါ ဝန်ကြီးဌာနများမှ ဝန်ထမ်းများသို့ ဖွင့်လှစ်ပို့ချပေးမည့် **“ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း”** ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။





အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၀ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၀ ရက်အထိ စီမံချက်ကာလ တစ်နှစ် သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုသင်တန်းကို စီမံချက်ကာလအတွင်း နှစ်ကြိမ်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ သင်တန်းတွင် ဆွေးနွေးသွားမည့် ဘာသာရပ်များမှာ တိုင်ကြားမှုအပေါ် အရေးယူဆောင်ရွက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် စပ်လျဉ်းသော ပြစ်မှုများအကြောင်း၊ Gender Based Violence – GBV၊ One Stop Crisis Center – OSCC နှင့်စပ်လျဉ်းသည့် အကြောင်းအရာများ၊ Joint Commnique လုပ်ငန်းစီမံချက်အကြောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက် အမှတ် ၁၃၂၅ (UNSCR–1325)၊ အကြမ်းဖက်ခံရသူသို့ ဗဟိုပြုချဉ်းကပ်မှု၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Gender Based Violence – GBV တုံ့ပြန်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Helpline ဝန်ဆောင်မှုနှင့် One Stop Women Support Center – OSWSC ဆိုင်ရာဝန်ဆောင်မှုနှင့် လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်များဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

သင်တန်းကာလမှာ ဩဂုတ် ၃၀ ရက်မှ ၃၁ ရက်အထိ နှစ်ရက်တာဖြစ်ပြီး သင်တန်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကျား၊ မ ရေးရာ အခြေခံသဘောတရားနှင့် ကျား၊ မရေးရာအခြေပြု အကြမ်းဖက်ခြင်းခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# GEC(ပညာရေး)နှင့် အမှတ်(၂) ပညာရေး ငွေစုငွေချေးသမဝါယမအသင်းလီမိတက်က စုဆောင်းငွေပေါ်အတိုးနှင့် အစုပေါ်အမြတ်များ ထုတ်ပေး

ပေါင် ဩဂုတ် ၃၀

မွန်ပြည်နယ် ပေါင်မြို့နယ် GEC(ပညာရေး)နှင့် အမှတ်(၂) ပညာရေး ငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁–၂၀၂၂ မီနီဘတ်ဂျက်တို့အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို အထက(ပေါင်)ရွှေရတုခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးတွင် အသင်းမှ အသင်းသားများအား စုဆောင်းငွေပေါ်အတိုးငွေကျပ် ၄၃၅ သိန်းကျော်နှင့် အစုပေါ်အမြတ်ငွေကျပ် ၄၁ သိန်းကျော်တို့ကို ထုတ်ပေးခဲ့ပြီး စုဆောင်းငွေ အများဆုံး စုဆောင်းနိုင်သူ သုံးဦးအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဘုန်းတော်ကြီးကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၃၀

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒဂုံမြို့သစ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဇော်ဦးနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံမြို့နယ် ၅၀ ရပ်ကွက်ရှိ အောင်မြေရတနာ ပရိယတ္တိစာသင်တိုက်တွင် ဝါတွင်းကာလ ဝါဆိုတော်မူသော သံဃာတော်များ၊ စာသင်သား သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများကို ယနေ့တွင် ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းများတွင် ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးကို ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

၂၂

# အနုပညာဖန်တီးမှုနှင့် ရာမာယဏ

ကိုဇော်ဌေး(ယဉ်ကျေးမှု)

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ဇာတ်သဘင် ဘာသာရပ်၌ ရာမာယဏဇာတ်တော်ဖြင့် ပါဝင်ယှဉ်ပြိုင်စေမည်ဟု သိရသည်။ ရာမာယဏသည် ရာမ၏အကြောင်းအရာပင်ဖြစ်သည်။ ရာမာယဏသည် ဂါထာပေါင်း၂၄၀၀၀ ဖြင့် စီရင်ထားသော လင်္ကာကြီးဖြစ်သည်။ "ဝလ္မိကီ" မည်သော ပညာရှင်က ဘီစီ ၃၀၀ လောက်တွင် ရှေးယခင်က ရှိခဲ့ပြီးသော ကဗျာလင်္ကာတို့ကို အခြေခံ၍ စီရင်ခဲ့သည်ဟု သက္ကတစာပေပညာရှင် စိတ္တန္ဓျာက ဆိုပါသည်။ အေဒီ ၂၀၀ ခန့်တွင် ပညာရှင်အဆက်ဆက်က ပြုပြင်ခဲ့ကြပြန်သည်။

ယနေ့ မြင်တွေ့နေရသော ရာမာယဏသည် "ဝလ္မိကီ"၏ မူအတိုင်းပင်ရှိသည်ဟုလည်း ဆိုကြသည်။ သက္ကတစာပေပညာရှင် စိတ္တန္ဓျာက ဝလ္မိကီ ရသေ့ကြီးသည် ဝတ္ထုကြောင်းပြောသော အဖွဲ့အနွဲ့၌ အလွန်ကျွမ်းကျင်တတ်မြောက်ကြောင်း၊ လူ၏ သဘာဝကိုလည်း နက်နက်နဲနဲ သိကျွမ်းသူဖြစ်ကြောင်း၊ ယင်းလူ့သဘာဝကို မိမိဖန်တီးသော ဇာတ်ဆောင်သူများအဖြစ် ထိရောက်စွာ သရုပ်ဖော်ပေးနိုင်သော အစွမ်းရှိကြောင်း ချီးပခဲ့သည်။ သက္ကတစာပေပညာရှင်တို့က ရာမာယဏကို အာဒိကာဗျ ( အဦးဆုံးကဗျာ) စာရင်း၌ထည့်သွင်း၍ စာဆိုရှင် ဝလ္မိကီအား အာဒိကဝိ (အဦးဆုံးကဗျာဆရာ) ဟူ၍ အသိအမှတ်ပြုကြလေသည်။

မြန်မာပြည်၌ ရာမဝတ္ထုသည် ပုဂံခေတ်ကပင် ရောက်ရှိနေသည်၊ အနော်ရထာတည်သည်ဟု ယူဆရသော နတ်လှောင်ကျောင်း ဘုရားနံရံရှိ ရာမရုပ်တုထောက်ထား၍လည်းကောင်း၊ မွန်ဘာသာဖြင့် ရေးထိုးထားသော ကျန်စစ်သားကျောက်စာ၌ပါရှိသည့် "မိမိသည် အယုဒ္ဓယပူရမြို့ ရာမဘုရင်၏ အနွယ်တော်၌ ဖွားမြင်ခဲ့ဖူးသည်" ဟူသောအချက်ကို ထောက်ထား၍လည်းကောင်း ပုဂံခေတ်ကပင် ရာမဝတ္ထုအကြောင်းကို အဟောအပြောရှိနေပြီဟု သိနိုင်သည်။ အင်းဝခေတ်ရောက်သောအခါ ရာမဝတ္ထုသည် စာထဲပေထဲတွင် ခြေချလာတော့သည်။ ရှင်အဂ္ဂသမာဓိ၏ သုဝဏ္ဏသျှံ သူဌေးခန်းပျို့တွင် သီတာနှင့် ဟာနုမန်အကြောင်း ပါလာသည်။ မဏီကက်ပြဇာတ်တွင် ဒသရဋ္ဌမင်းကြီး၏ ဆုတောင်းခန်းကို တွေ့လာရသည်။ ဆင်ဖြူရှင် (အေဒီ ၁၇၆၃-၁၇၇၆) လက်ထက်တွင် ရာမဝတ္ထုသည် နန်းတော်အတွင်း စတင်ကပြသည့် ဇာတ်လမ်းတစ်ခု ဖြစ်လာသည်။ စစ်ရေးရှုံးနိမ့်သွားခဲ့သည့် ယိုးဒယားနိုင်ငံမှ ခေါ်ဆောင်လာသော သုံ့ပန်းများထဲတွင် သဘင်ပညာတတ်ကျွမ်းသူများ ပါလာသည်။ ယင်းတို့ကို ယိုးဒယားနန်းတွင်း၌ ကပြနေသည့် ရာမဇာတ်ကို နန်းတွင်း၌ ကပြစေခဲ့သည်။ ဘိုးတော်ဘုရား (အေဒီ ၁၇၈၂-၁၇၇၆) လက်ထက်တွင်လည်း သားတော်အိမ်ရှေ့မင်းဦးဆောင်သည့် အဖွဲ့တစ်ဖွဲ့သည် အယုဒ္ဓယတိုင်း ဂျွမ်းပြည်၊ ဟရိဘုဉ္စတိုင်း ယွန်းပြည်တို့မှ ဇာတ်များကို မြန်မာပြန်ဆို၍ မြန်မာ့ဇာတ်သဘင်တွင် ခင်းကျင်းကပြခဲ့ကြသည်။ ယင်းတို့တွင် ရာမဇာတ်လည်း ပါဝင်သည်။ ဘိုးတော်ဘုရားလက်ထက်တွင် ရာမဝတ္ထုအကြောင်းကို ရေးသားသည့် ဦးအောင်ဖြိုး၏ ရာမသာချင်း ပေါ်လာသည်။ ထို့နောက် ဦးတိုး၏ ရာမရကန် ပေါ်လာသည်။

### အနုပညာ

စင်စစ်ရာမသည် အနုပညာဖန်တီးမှုတစ်ခုပင်ဖြစ်သည်။ "အနုပညာဆိုသည်ကား ရုပ်ကမ္ဘာကြီး၏ အဖြစ်အပျက်များကို တွေ့ကြုံခံစားကာ ဤတွေ့ကြုံခံစားချက်(ဝါ) စိတ်ကူးတွင် လာ၍ဟပ်သော ထင်မြင်ချက်များကို တစ်ဖန်ပြန်၍ ဖော်ပြမှုပင်ဖြစ်ပေသည်။ အနုပညာဆိုသည်ကား စိတ်ကူး၍ လုပ်ယူရပေသည်။ ဥပမာအားဖြင့် သစ်ရွက်တစ်ရွက် ကော့ကာ နှင်းပွင့်များဖြင့် ပေကျံနေသည်ကို တစ်ဖန်ပြန်၍ ဖော်ပြခြင်းသည် အနုပညာမှုဖြစ်သည်။ နှင်းပွင့်များ ပေကျံနေသော သစ်ရွက်ကို ယူလာကာ ကြည့်ရှုခြင်းကား အနုပညာမဟုတ်ပေ"ဟု ဆရာဒဂုန်တာရာက ဆိုပါသည်။

"အနုပညာသည် လူနှင့်စပ်ဆိုင်သောကိစ္စ



ရာမဇာတ်

ဖြစ်သည်။ လူက သူ့စိတ်ခန္ဓာနှင့် ရုပ်ခန္ဓာကို အသုံးပြု၍ ဖန်တီးသောကိစ္စဖြစ်သည်။ အနုပညာဟူသည် လူ့ဘဝခရီးကြမ်းကို ဖြတ်သန်းလာရာတွင် ကြမ်းတမ်းလှသော ခရီးလမ်းဝယ် ဖျော်ဖြေမှု၊ သက်သာမှုရစေရန် သဘာဝဖြစ်ရုပ်များကို သူ့ပတ်ဝန်းကျင်ရှိပစ္စည်း (ဥပမာ- ကြေး၊ ကြိုး၊ လေ၊ လက်ခုပ်)တို့ကို အသုံးပြု၍ အတုပြုလုပ်ခံစားခြင်းသည် အနုပညာပင်ဖြစ်သည်။ လူသည် သူ့ခန္ဓာကိုယ်ဖြင့် လက်ခုပ်တီးကာ လေချွန်၍ ကခုန်ကာဖြင့် လှုပ်ရှားမှု အတုပြုလုပ်ခံစားသည်။ အနုပညာသည် အတုပြုလုပ်ခံစားခြင်းဖြစ်သည် ဆိုသောအချက်ကို ကနဦးကတည်းက သိရှိသူသည် "ပလေတို" ဖြစ်သည်။ ပလေတိုက အနုပညာသည် ပုံတူကူးချခြင်းဖြစ်သည်ဟု သူ့လက်ထက်ကပင် သူပြောဆိုခဲ့သည်။ အနုပညာသည် စိတ်ကူးယဉ်မှုပင်ဖြစ်သည်။ နည်းစနစ် တတ်ကျွမ်းရုံနှင့်မရ။ အနုပညာတွင် မှော်အတတ်ပါဝင်သည်။ "အနုပညာသည် သိပ္ပံပညာရပ်နှင့် ကွာခြားသည်ဆိုသော အယူအဆများကို ပလေတိုက ပြောကြားခဲ့သည်"ဟု ဆရာချစ်စံဝင်း၏ အနုပညာအတွေးအမြင် ဆန်းစစ်ချက်စာတမ်း၌ ဖော်ပြထားသည်။

### ဖန်တီးမှု

မြန်မာရာမာယဏ ဇာတ်လမ်းသည် မြန်မာ့မျိုးနွယ်၊ မြန်မာ့ယဉ်ကျေးမှုတို့ဖြင့် မွမ်းထုံခြယ်သထားသည့် ခံစားမှုရသ၊ မှန်ကန်သည့်ဦးတည်မှုကို ဖော်ညွှန်းသည့် သရုပ်မှန်အတွေး၊ ဓမ္မနှင့် အဓမ္မတို့ အားပြိုင်မှု၏ တုံ့ပြန်ရိုက်ခတ်မှုအမြင်တို့ဖြင့် ဇာတ်အိမ်လှပစွာ ဖွဲ့စည်းတင်ပြထားကြောင်း တွေ့ရသည်။ စီရင်ရေးသားသူသည် ပရိသတ်၏ ခံစားမှုကို ပြည့်ဝစွာရရှိစေရန် ကာလဒေသနှင့် လျော်ညီစွာ သုံးနှုန်းတန်ဆာဆင်ထားသည်။ ဇာတ်လမ်းကောင်းတစ်ပုဒ်၏ ကုံလုံပြည့်စုံသော အင်္ဂါရပ်များနှင့် ညီညွတ်စေသည်။ ဇာတ်လမ်းကောင်းတစ်ပုဒ်ဖြစ်နိုင်ရန် အစီအစဉ်ကျနသော ရေးသားဖွဲ့နွဲ့မှု၊ ဆစ်ပိုင်းထားရှိမှု၊ ဖော်ညွှန်းတင်ပြမှုတို့သည် နေရာတကျဖန်တီးထားရှိပြီးဖြစ်သည်။ တင်ပြသူ၏ စိတ်ညွှန်းပြမှုမှသည် ဖော်ကျူးမှုရသအမျိုးမျိုး ထွက်ပေါ်လာနိုင်သည်။ မြန်မာရာမာယဏသည် ဖန်ဖွဲ့မှုတို့ ပြည့်စုံ၍ အစ၊ အလယ်၊ အဆုံး ညီညွတ်မျှတသော ဇာတ်လမ်းစဉ်ကို ခံစားတွေ့မြင်နိုင်သည်။ ဤသည်ပင်လျှင် မြန်မာရာမာယဏ၏ ညို့ငင်မှုစွမ်းအား ဖြစ်နေတော့သည်။ ဇာတ်လမ်းကောင်းတစ်ပုဒ်ဖြစ်နိုင်ရန် အစီအစဉ်ကျနသော ရေးသားဖွဲ့နွဲ့မှု၊ ဆစ်ပိုင်းထားရှိမှု၊ ဖော်ညွှန်းတင်ပြမှုတို့သည် နေရာတကျ ဖန်တီးထားပြီးဖြစ်သည်။ တင်ပြသူ၏ စိတ်ညွှန်းပြမှုမှသည် ဖော်ကျူးမှုရသအမျိုးမျိုး ထွက်ပေါ်လာသည့် ဇာတ်လမ်းတစ်ခုသည်-

(က) ဇာတ်လမ်းအစဖော်ခြင်း၊ အစပျိုးခြင်း

(ခ) ဇာတ်ကွက်၊ ဇာတ်အိမ်ဖွဲ့ခြင်း၊ ခန်းစဉ်ချဲ့ထွင်ခြင်း

(ဂ) ဇာတ်လမ်းခေါင်ခိုက်အောင် သယ်ဆောင်ခြင်း

(ဃ) ဇာတ်ကွက်အခက် ဖြေရှင်းခြင်းနည်းတို့ဖြင့် သုံးစွဲကျင့်သုံးရေးသားကြလေသည်။

အချို့ကလည်း

(က) အခင်း (ဇာတ်လမ်းကိုဖန်တီးခြင်း)

(ခ) အခက် (ဇာတ်အိမ်ဖွဲ့ခြင်း)

(ဂ) အဖြေ(ဇာတ်ပေါင်းခြင်း) ဟူ၍ ခွဲပိုင်းရေးသားကြလေသည်။

ထို့ပြင်

(က) ဇာတ်ပျိုးခြင်း၊ ဇာတ်နှိုးခြင်း

(ခ) ဇာတ်တက်ခြင်း

(ဂ) ဇာတ်ထွက်ခြင်း

(ဃ) ဇာတ်ဆင်းခြင်း

(င) ဇာတ်သိမ်းခြင်းဟူ၍ ဖန်တီးသူ ဉာဏ်ကွန့်မြူးသမျှ သတ်မှတ်ဖော်ညွှန်းမှုလည်း ရှိပေသည်။

မြန်မာရာမာယဏသည် ဖော်ပြပါဖန်တီးမှုတို့ဖြင့် ပြည့်စုံ၍ အစ၊ အလယ်၊ အဆုံး ညီညွတ်မျှတသော ဇာတ်လမ်းစဉ်ကို ခံစားတွေ့မြင်နိုင်လေသည်။ မြန်မာရာမာယဏကို ဖန်တီးမှုပေတံဖြင့် တိုင်းတာကြည့်ပါက အောက်ပါအတိုင်း တွေ့ရှိနိုင်သည်။

အနုပညာဖန်တီးမှုသဘောအရ မြန်မာတို့သည် ရာမဇာတ်ကို "သူရသတ္တိဇာတ်"ဟု ခေါ်ကြလေသည်။ ရာမနှင့် လက္ခဏတို့၏ သူရသတ္တိကို ဖော်ညွှန်းပြဆိုသည့်သဘောဟု မှတ်ယူနိုင်သည်။ တစ်ဖန် ရာမ၊ လက္ခဏ ညီနောင်နှစ်ပါး၏ တစ်ဦးအပေါ်တစ်ဦး ထားရှိကြသည့် မေတ္တာကိုလည်း ဖွဲ့ဆိုပြထားသည်။ မေတ္တာဘွဲ့ကို ဒသဂီရိ၏ အားပြိုင်မှုဖြင့် သွန်းလောင်းထုဆစ်ပြထားသည်။

ဒသဂီရိသည် မည်ကာမတ္တာသူမဟုတ်။ လေးတင်ပွဲဖိတ်စာကို မမျှော်လင့်ဘဲ ရရှိလာသူဖြစ်သည်။ သီတာ၏ ရုပ်ပုံလွှာကိုမြင်ကာ အချစ်ကြီးချစ်မိသဖြင့် လေးတင်ပွဲသို့ ရောက်ရှိလာခြင်းဖြစ်သည်။ သီတာဒေဝီအား ခိုးယူဆောင်ကြဉ်းသွားသည်မှာလည်း နှမတော်အတွက် လက်စားချေရန်ထက် သီတာအား ရယူလိုမှုကြောင့်သာ ဤမျှစွန့်စားခြင်းဖြစ်တန်ရာ၏။ ထို့ပြင် မိမိလက်ဝယ်ရောက်ရှိနေသော သီတာကို မိမိအလိုဆန္ဒအတိုင်း ဖြည့်စွမ်းနိုင်သော်လည်း အကြမ်းနည်းကို မသုံးရှာခဲ့ချေ။ ဤသည်ပင် ဒသဂီရိ၏ သီတာ့အပေါ်ထားရှိသည့် ဖြူစင်သောမေတ္တာကို ဖန်တီးပြထားလေသည်။

သင်ခန်းစာများအဖြစ် ဒသဂီရိဦးဆောင်သည့် အုပ်စု၏ ကိုယ့်ကိုယ်ကိုယ်အထင်ကြီးမှု၊ ရန်သူအားအထင်သေးမှု၊ အချိန်ဆွဲ ထားရှိမှုတို့က စစ်ရှုံးသူများအတွက်သင်ခန်းစာများပင်ဖြစ်သည်။ ယင်းကို ဖန်တီးပြဆိုရာ၌ "ဣန္ဒဇိတ္တသည် ရာမမင်းအား နဂါးပတ်ကျော့ကွင်းဖြင့် ပစ်လေသည်။ နဂါးပတ်ကျော့ကွင်းမိကာ ရာမမင်းသည် မြေသို့လဲလေသည်။ ဣန္ဒဇိတ္တက လူသားရာမသည် ငါ၏ နဂါးပတ်ကျော့ကွင်းတွင် မိလေပြီ၊ ယနေ့ မိုးချုပ်ပြီဖြစ်၍ နက်ဖြန်မှလာပြီး ရာမအလောင်းကိုယူ၍ သီတာဒေဝီကို ပြရတော့မည်ဟုဆိုကာ မြို့ထဲသို့ ပြန်ဝင်လေသည်။ ရာမသည် ဂန္ဓမာတောင်မှ သုဝဏ္ဏပတ္တာဆေးပင်၏ အစွမ်းဖြင့် ပြန်ရှင်ခဲ့လေသည်။ ထို့ကြောင့် ဣန္ဒဇိတ္တ သေဆုံးခြင်းသို့ ရောက်လေသည်။"

ထို့ပြင် ဂုမ္ဘာဒီပဘီလူးမင်းသည် သူ၏ စစ်ဗျူဟာဖြင့် ရာမမင်းကို ဆောင်ယူနိုင်လေသည်။ ဒသဂီရိက ရန်သူကို ကြာရှည်စွာမထားလိုပေ။

**စာမျက်နှာ ၇ သို့** ✻

| အခန်းစဉ် | အကြောင်းအရာ | ဆစ်ပိုင်းဖော်ညွှန်းမှု |
|---|---|---|
| ၁။ | လင်္ကာဒီပကျွန်းနှင့် ဒသဂီရိအတ္ထုပ္ပတ္တိ | INTRODUCTIONဇာတ်ပန္နက်ချခြင်း |
| ၂။ | ရာမ၊ လက္ခဏမင်းသားတို့ ဖွားမြင်ခန်း၊ | ဇာတ်ကောင်များနှင့် မိတ်ဆက်ခြင်းဇာတ်လမ်းသဘောနိမိတ်ပြခြင်း |
| ၃။ | သီတာဖွားမြင်ခန်း | |
| ၄။<br>၅။ | လေးတင်ခန်း<br>ခရ-ဒုသနတို့ရာမနှင့်စစ်တိုက်ခန်း | EXPOSITION<br>ဇာတ်ပျိုးခြင်း၊ အားပြိုင်မှုပုံရိပ်ကိုပြခြင်း |
| ၆။<br>၇။ | မှော်ရုံတောသို့ ဝင်ခန်း<br>တောလယ်နေသော အခန်း | INCITING<br>ဇာတ်နှိုးခြင်း၊ အားပြိုင်မှုရပ်ဝန်းနှင့် နီးကပ်လာခြင်း |
| ၈။<br>၉။ | သစ်သီးဆွမ်းခံသောအခန်း<br>သုကြိတ်နန်းတက်ခန်း | RISE ဇာတ်တက်ခြင်း |
| ၁၀။<br>၁၁။ | သိန်းဃိုင်ဌပြည် မီးရှို့ခန်း<br>ကျောက်တန်းဆည်ခန်း | အားပြိုင်မှုစတင်ခြင်း |
| ၁၂။<br>၁၃။ | သိန်းဃိုင်ဌကျွန်းကို စစ်တိုက်ခန်း<br>ဘိဘိသန နန်းတက်ခန်း | CLIMAX ဇာတ်ထွက်ခြင်း<br>အားပြိုင်မှု အဖြေဖော်ညွှန်းခြင်း |
| ၁၄။<br>၁၅။ | အယုဒ္ဓယနေပြည်တော်သို့ဝင်ခန်း<br>လောနမင်းသားနန်းတက်ခြင်း | FALL ဇာတ်ဆင်း<br>CATASTROPE ဇာတ်သိမ်းခြင်း |
| ၁၆။ | နိဂုံး | ဇာတ်ဆောင်များ ပုံရိပ်ဖော်ပြမှုပြည့်ဝခြင်း |

# ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင်စုံညီအစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် သြဂုတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင် စုံညီ အစည်းအဝေးနှင့် နေပြည်တော်ကောင်စီနယ်မြေ သာ၀တ္ထိမြို့ စမတောင်ရှိ နဂါးတစ်ထောင် နဂါး ဥယျာဉ်တော်၌ နဂါးရုံဘုရားကြီးတစ်ဆူ တည်ထား ပူဇော်ရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းနှင့် (၅၉)လမ်းထောင့်ရှိဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### အဖွင့်အမှာစကားပြောကြား

ဦးစွာ သဘာပတိ ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဌေးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဗုဒ္ဓဘာသာမှ ဦးကျော်ဝင်း၊ ဟိန္ဒူဘာသာမှ ဦးကျော်ဇင်လတ်၊ ခရစ်ယာန်ဘာသာမှ ဦးချမ်းမြတ်ကို၊ အစ္စလာမ် ဘာသာမှ ဦးသန်းဝင်းတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။



ဆက်လက်၍ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ် ရေးအဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးအောင်မျိုးသန့် က ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၏ ဆောင်ရွက်ချက် အခြေအနေများကို တင်ပြပြီး ဘဏ္ဍာရေးမှူး ဦးထွန်းထွန်းဦးက ဘဏ္ဍာငွေအခြေ အနေများကို တင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဘာသာ ပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ခရိုင်ဥက္ကဋ္ဌများက မိမိတို့ခရိုင်အတွင်း ဖွဲ့စည်းထားရှိမှုအခြေအနေများ ကိုလည်းကောင်း၊ တိုင်းအထွေထွေအတွင်းရေးမှူးက တိုင်းအလုပ်အမှုဆောင်များ အနားယူခြင်း၊ အစား ထိုးခန့်ထားခြင်း၊ အမှုဆောင်အသစ်များ အဆိုပြုလွှာ များ တင်ပြခြင်းတို့ကိုလည်းကောင်း ဆွေးနွေးကြ သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဘာသာ ပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင် များက နေပြည်တော်ကောင်စီနယ်မြေ သာ၀တ္ထိမြို့ စမတောင်ရှိ နဂါးတစ်ထောင် နဂါးဥယျာဉ်တော်တွင် နဂါးရုံဘုရားကြီးတစ်ဆူ တည်ထားပူဇော်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးခင်မောင်ဌေးနှင့် အဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

နဂါးရုံဘုရားကြီး တည်ဆောက်ပူဇော်ရန် အတွက် စုပေါင်းလှူဒါန်းငွေကျပ် ၁၅၅၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

---

**✻ စာမျက်နှာ ၆ မှ**

စစ်နိုင်သူ ဂုမ္ဘာဒီပက စစ်နိုင်သူတို့ ထုံးစံအတိုင်း ကြွားဝါလိုသည်။ အပိုချဲ့လိုသည်။ ရာမ၏ လည်ချောင်းသွေးဖြင့် ယဇ်ပူဇော်ရန် စီစဉ်သည်။ စီစဉ်နေစဉ်မှာပင် ရာမ၏အသိုင်းအဝိုင်းက ခြေရာ ကောက်ယူရရှိသွားပြီး နောက်ဆုံးတွင် ဂုမ္ဘာဒီပ အသက်သေဆုံးရလေသည်။

ရာမမင်း၏ မလျှော့သောခွဲ၊ ရန်သူအပေါ် ထားရှိသည့်သဘောထား၊ လျင်မြန်မှု၊ ထိုးထွင်း ထိရောက်မှု၊ မိမိအပေါ်မိမိ ယုံကြည်စိတ်ချမှုတို့က အနိုင်အရှုံးကို အဆုံးအဖြတ်ပေးသွားကြောင်း သင်ခန်းစာကောင်းများဖြင့် ဖန်တီးတင်ဆက်ထား လေသည်။

### ရာမာယဏ

ရာမာယဏဇာတ်လမ်းစဉ်ကို ရှေးက နန်းတွင်း ဝယ် ရက်ပေါင်း ၆၀ ကျော် ကပြခဲ့သည်ဟု ဆိုပါ သည်။ ထိုမှာနောက်ဝယ် ၄၅ ရက်၊ ထိုမှ ၇ ရက်၊ ထိုမှ ၁ ရက်(တစ်ည) ထိတိုင် ချုံ့၍ကပြလာကြသည်။ မဟာဂီတသီချင်းကြီးများဖြင့် အခန့်ကပြနေကြခြင်း ဖြင့် ရှည်ကြာနေခြင်းလား စဉ်းစားမိသည်။

ယနေ့အချိန်ဝယ် နှစ်နာရီကျော်မျှ ကပြခြင်းဖြင့် လုံလောက်သော ခံစားမှုကို ပေးစွမ်းနိုင်ပေပြီ။ ထို့ပြင် ဇာတ်ကျောရိုးကိုလည်း နားလည်နိုင်စွမ်း ရှိမှုဖြင့် ကျေနပ်စေလေသည်။ ရှေးက ရာမဇာတ် မစတင်မီ ဇာတ်လမ်းပျိုးကတည်းက ဆန်းကြယ် မှုကို ဖော်ကျူးပြကြလေသည်။ ပိဂ်လမည်သော သုံးယူဇနာရှိသော သိန်းငှက်ကြီး၏ ဆင်၊ ခြသေ့်၊ ကျွဲ၊ မြင်း စသည့်တိရစ္ဆာန်များကို ဖမ်းယူစားသုံးမှု၊ ယုဂန္ဓိုရ်တောင်နှင့်ညီမျှသော အရိုးစုတို့၏ပုပ်နံစေမှု၊ ထိုသတ္တဝါကို နှိမ်နင်းသော မိုး၊ နေ၊ လ နတ်သားတို့၏ တိုက်စစ်ဆင်မှု၊ လေနတ်သားကြောင့် သေဆုံး ရသောငှက်ကြီး၏ ကိုယ်၊ ခြေ၊ အမြီး၊ အူတို့ လွင့်စဉ်မှု၊ ကိုယ်၊ ခေါင်း၊ တောင်ပံ၊ ခြေ၊ အမြီး၊ အူ၊ အသည်းများ ကျရာ၌ မြို့တည်ဖြစ်ပေါ်လာမှုတို့ဖြင့် ဆန်းကြယ် ခမ်းနားမှုများသည် အချိန်ရွှေ့လျော့လာရာမှ ဇာတ်ကို နားလည်ရုံမျှအထိ ကျုံ့၍လာခဲ့လေသည်။ အချိန်အခါ၊ ကာလဖြစ်စဉ်တို့ကို မလွန်ဆန်နိုင် ခဲ့သဖြင့် ငယ်ရွယ်နုနယ်သော ရာမ၊ လက္ခဏာညီနောင် ကို ဘိုးတော်ရသေ့က တောကျီးကန်းများကို နှိမ်နင်းရာမှစတင်သည့် ကန်ဆင်း ကန်ထခန်းမှသည် ပြည်တော်ပြန်ဝင်ခန်းအထိသာ ရှုမြင်ကြရလေ သည်။

၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွင်မူ ပါဝင်ရမည့် သတ်မှတ်ပြဋ္ဌာန်း အခန်း များကို ဖော်ပြထားလေသည်။ ၎င်းတို့ကို လေ့လာ ကြည့်ပါက-

၁။ ဗြဟ္မာမင်းထံမှ ဆုခံယူပြီးနောက် ဒသဂီရိ သည် လက္ခမီနတ်သမီးအား ထိပါးခန်း၊ လက္ခမီ နတ်သမီး ကျိန်စာဆို၍ မြေသို့ဝင်ကာ သီတာ မင်းသမီးအဖြစ် တစ်ဖန်ပြန်လည်မွေးဖွား လာခန်း။

> ❛ မြန်မာရာမာယဏဇာတ်လမ်းသည် မြန်မာ့မျိုးနွယ်၊ မြန်မာ့ယဉ်ကျေးမှုတို့ဖြင့် မွမ်းထုံခြယ်သထားသည့် ခံစားမှုရသ၊ မှန်ကန်သည့်ဦးတည်မှုကို ဖော်ညွှန်းသည့် သရုပ်မှန်အတွေး၊ ဓမ္မနှင့်အဓမ္မတို့ အားပြိုင်မှု၏ တုံ့ပြန်ရိုက်ခတ်မှုအမြင်တို့ဖြင့် ဇာတ်အိမ်လှပစွာ ဖွဲ့စည်းတင်ပြထားကြောင်း တွေ့ရသည်။ စီရင်ရေးသားသူသည် ပရိသတ်၏ခံစားမှုကို ပြည့်ဝစွာရရှိစေရန် ကာလဒေသနှင့်လျော်ညီစွာ သုံးနှုန်း တန်ဆာဆင်ထားသည်။ ဇာတ်လမ်းကောင်းတစ်ပုဒ်၏ ကုံလုံပြည့်စုံသော အင်္ဂါရပ်များနှင့် ညီညွတ်စေသည်။ ဇာတ်လမ်းကောင်းတစ်ပုဒ်ဖြစ်နိုင်ရန် အစီအစဉ် ကျနသော ရေးသားဖွဲ့နွဲ့မှု၊ ဆစ်ပိုင်းထားရှိမှု၊ ဖော်ညွှန်းတင်ပြမှုတို့သည်နေရာ တကျဖန်တီးထားရှိပြီးဖြစ် ❜



၂။ ဝိသွာမိတ္တရသေ့၏ အကူအညီတောင်းခံမှုအရ ခုနစ်နှစ်အရွယ် ရာမ၊ လက္ခဏာတို့ ဘီလူးရန်ကို နှိမ်နင်းခန်း၊ မြအဆင်း၊ ရွှေအဆင်းသဖွယ် တင့်တယ်စွာဖြင့် အရွယ်ရောက်လာခန်း (ကန်ဆင်း ကန်ထခန်း ဖြစ်ပါသည်။)

၃။ မိတ္ထီလာပြည်၊ ဘုရင် ဇနက္ကမင်း၏ သမီးတော် သီတာဒေဝီအတွက် ကြင်ရာတော်ရွေးရန် ထီးဆောင်းမင်းများ လေးတင်ခန်း။ (လေးတင်ခန်း)

၄။ ရာမ၊ လက္ခဏာ၊ သီတာတို့ တောအရပ်သို့ ထွက်ခွာရန် ဒသရဋ္ဌမင်းက အမိန့်ချမှတ်ခန်း (ပြည်နှင်ခန်း)

၅။ ကိဿကိန္ဒာပြည်ဘုရင် ဗာလီမင်းနှင့် မဟိံသ ကျွဲဘီလူးတို့၏ ပဋိပက္ခကို အကြောင်းပြုလျက် သုဂြိတ်အား ဗာလီမင်းက နှင်ထုတ်သဖြင့် ဂန္ဓာကတောသို့ သုဂြိတ်ထွက်ခွာခန်း။

၆။ သဗ္ဗနခ ဘီလူးမက ရာမမင်းအားသွေးဆောင် ခြင်းနှင့် လက္ခဏာက ဘီလူးမအား ဆုံးမခန်း။

၇။ ခရ-ဒုသနတို့ ရာမ၊ လက္ခဏာတို့နှင့် စစ်တိုက် ခန်း

၈။ ဦးရီးတော် မာရဇ္ဇသမင်ယောင်ဆောင်ခန်း၊ ရာမသမင်လိုက်ခန်း၊ သီတာအား ဒသဂီရိ ဆောင်ယူခန်း။

၉။ ရာမနှင့် သုဂြိတ်တွေ့ခန်း။

၁၀။ သီတာ၏ အချစ်ကိုရယူရန် ဒသဂီရိကြိုးစား ခန်း (ဒသဂီရိသစ္စာပန်းစိုက်ခန်း)

၁၁။ အသောကဥယျာဉ်ရှိ သီတာထံသို့ ဟာနုမန် ရောက်ရှိခန်း။ ဣန္ဒဇိတ္တနှင့် ဟာနုမန်တို့ တိုက်ခိုက်ခန်း။ သိန်းဃိုင်ဋ္ဌပြည်ကို မီးရှို့ခန်း။

၁၂။ မျောက်အပေါင်းက သမုဒ္ဒရာကိုဖြတ်ကျော်ခန်း (ကျောက်တန်းဆည်ခန်း)

၁၃။ ဣန္ဒဇိတ္တ၏ မြားချက်ဖြင့် ရာမမင်းမြားသင့်ခန်း၊ ဇမ္ဗုမာန်၏ ညွှန်ကြားချက်ဖြင့် ဟာနုမာန် ဆေးမြစ်ရှာထွက်ခန်း။

၁၄။ ရာမမင်းနှင့် ဒသဂီရိတိုက်ခန်း။ ဒသဂီရိ ကျဆုံးခန်း။ သီတာက မီးပုံဆင်း၍သစ္စာဆိုခန်း။ အယုဒ္ဓယပြည်တော်ပြန်ဝင်ခန်း။

ဖော်ပြပါ အခန်းစဉ်တို့သည် "နေမျိုးနာဋ္ဌကကျော်ခေါင်" ရေးသားသည့် ရာမပြဇာတ်လာ ဇာတ်အသွားများမှ ကောက်နုတ်ရယူထားခြင်း ဖြစ်သည်။ ပြိုင်ပွဲအသွင်ဖြစ်၍ မူများကွဲပြားမသွားရန် ထိန်းညှိပေးသည့် သဘောဖြစ်ပါသည်။ (၁၂) ကြိမ်ပြိုင်ပွဲ တွင်လည်း ဤပြဇာတ်စာအုပ်ကိုပင် ရည်ညွှန်း ပြဋ္ဌာန်းခဲ့ကြသည်။ ရည်ညွှန်းကိုးကားနိုင်ရန် "နေမျိုး နာဋ္ဌကကျော်ခေါင်" ရေးသားသည့် ရာမပြဇာတ် သည် ဝယ်ရလွယ်ကူမည် ထင်ပါသည်။

ရိုးရာသည် သမိုင်းဖြစ်ပါသည်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှုဟူသည် မြန်မာတို့၏ ယဉ်ကျေးမှုသမိုင်း ဖြစ်ပါသည်။ ရာမာယဏဇာတ်ကြောင်းကိုကြည့်ခြင်း ဖြင့် မြန်မာ့ယဉ်ကျေးမှုသမိုင်းကြောင်းကို ယနေ့ လူငယ်တို့ အကဲဖြတ်ဆန်းစစ်နိုင်ကြမည်ဟု ယုံကြည်မိပါသည်။ ။

**မှီငြမ်း-**

၁။ ကမ္ဘာ့စာပေသမိုင်း(အိန္ဒိယ၊အီရန်၊ အာရပ်) (မောင်ထင်)

၂။ မဟာရာမဝတ္ထု (ဒဂုဏ်ဦးထွန်းမြင့်)




## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့

**နေပြည်တော် ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအတွက် ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ်ရှိ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ထောက်ပံ့ပေးအပ်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားများ ပြောကြားကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအတွက် ဆန်အိတ်များ၊ ကြက်သွန်နီ၊ အာလူး၊ ငါးသေတ္တာ၊ ကုလားပဲ၊ ခေါက်ဆွဲခြောက်နှင့် ကြက်ဥများ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရဲတပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကယားပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနေမှုများ ကြည့်ရှုအားပေး

**လွိုင်ကော် ဩဂုတ် ၃၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အဓိကကျသည့် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာ ကယားပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ကယားပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

**အားပေးစကားပြောကြား**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ မြို့နာမ်စေတီတော် ဓမ္မာရုံနှင့် သာသနဒ္ဓဇမာန်တော်ကြီး၌ သံဃာတော်များ၊ သီလရှင်များနှင့် ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လာရောက်ထိုးနှံနေမှုကို ကြည့်ရှုအားပေးပြီး ကာကွယ်ဆေးထိုးနှံပြီးစီးသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ကယားပြည်နယ်အတွင်းရှိမြို့နယ်အသီးသီးတွင်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်နှင့် စတုတ္ထအကြိမ်တို့ကို ပြည်သူများအား ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ နေ့စဉ်ထိုးနှံပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## တည်ငြိမ်အေးချမ်းမှုရှိပြီး ရေ၊ မြေ၊ ရာသီဥတုကောင်းမွန်သောကြောင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဝင်ရောက်နိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး ကြိုးပမ်း

**တောင်ကြီး ဩဂုတ် ၃၀**

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီခွဲက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ကူညီဆောင်ရွက်**

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ်သည် တည်ငြိမ်အေးချမ်းမှုရှိနေပြီး ရေ၊ မြေ၊ ရာသီဥတုကောင်းမွန်သောကြောင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပိုမိုဝင်ရောက်နိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးနှင့် လွယ်ကူလျင်မြန်စေရေး ဆက်စပ်ဌာနဆိုင်ရာများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လက်ရှိ လုပ်ကိုင်နေကြသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုလည်း လွယ်ကူချောမွေ့စေရန်နှင့် စနစ်တကျ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ အောင်အောင်မြင်မြင်ဖြစ်စေရန် ဌာနဆိုင်ရာအားလုံးက ဝိုင်းဝန်းထိန်းကျောင်းကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြကာ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က ကော်မတီများ၏ ဆွေးနွေးတင်ပြချက်အပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေး**

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ငါးခု (ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၁ သန်း)ကို ခွင့်ပြုပေးထားပြီး မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၃ ခု (ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၀၄ သန်း)အပါအဝင် ကျပ်သန်း ၃၁၆၂၀ ဒသမ ၇၅ ကို ခွင့်ပြုပေးထားကြောင်း၊ အဆိုပါလုပ်ငန်းများမှ ရှမ်းပြည်နယ်အတွင်းအလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် ပြည်တွင်း ၉၉၄ ဦးနှင့် ပြည်ပ ၅၃ ဦးကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီးအတွင်း နွေရာသီကာလ ရေအခက်အခဲမရှိစေရန် ကျေးရွာ ၁၄ ရွာတွင် ရေရရှိရေးဆောင်ရွက်မည်

**မန္တလေး ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၌ ကျေးရွာ ၁၄ ရွာတွင် လာမည့်နွေရာသီကာလ ရေအခက်အခဲမရှိစေရန် ရေရရှိရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ပြောကြား**

တိုင်းဒေသကြီးအတွင်း၌ ရေအခက်အခဲရှိနိုင်သည့် ကျေးရွာ ၅၄ ရွာကိုစိစစ်၍ ခန့်မှန်းစာရင်းပြုစုထားရှိကြောင်း၊ အဆိုပါကျေးရွာများအနက်မှ ယခုဘဏ္ဍာနှစ်အတွင်း၌ ကျေးရွာ ၁၄ ရွာတွင် ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီး တွင်းနက် ရှစ်ခု၊ တွင်းတိမ် တစ်ခု၊ မြေသားရေကန်သုံးခု၊ စိမ့်စမ်းတစ်ခုနှင့် ရေသန့်စင်လုပ်ငန်းတစ်ခု စုစုပေါင်း ၁၄ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကြည်စောက ပြောကြားသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

“တိုင်းဒေသကြီးအတွင်းမှာ ရေခက်ခဲ ပြတ်လပ်နိုင်တဲ့ ကျေးရွာ ၅၄ ရွာကို စိစစ်တွေ့ရှိရတယ်။ အဲဒီရွာတွေမှာ ရေပြတ်လပ်သွားလို့ ရေဖြန့်ဝေပေးခဲ့ရတာတော့ မရှိခဲ့ပါဘူး။ လက်ရှိ အဲဒီကျေးရွာတွေမှာ ဘုံပိုင်တွင်း ၃၃၁ တွင်း၊ တွင်းတိမ် ၂၇ တွင်း၊ တွင်းနက် ၇၁ တွင်း၊ မြေသားရေကန် ၃၄ ကန်၊ လက်တူးတွင်း ခြောက်တွင်း၊ အခြားနည်းလမ်း ခြောက်ခုတို့ကို ပြည်သူတွေအတွက် ဆောင်ရွက်ပေးထားပြီးတော့ ပုံမှန်လည်ပတ်လျက်ရှိပါတယ်။ တံတားဦးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ညောင်ဦးမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ သာစည်မြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ရမည်းသင်းမြို့နယ် စတဲ့မြို့နယ်တွေမှာရှိတဲ့ ကျေးရွာတွေဖြစ်ပါတယ်။ အဲဒီကျေးရွာတွေထဲကမှ ၁၄ ရွာကို ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီး ဒီဘဏ္ဍာနှစ်မှာ စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာပါ” ဟု ၎င်းကရှင်းပြသည်။

အဆိုပါ ကျေးရွာ ၁၄ ရွာကို နွေရာသီကာလ ရေ ခက်ခဲပြတ်လပ်မှုမရှိစေရန် ယခုဘဏ္ဍာနှစ်တွင်ရေရရှိရေးနည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်သည့် ၂၂ ရွာကို လာမည့် ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်ထောင်စုရန်ပုံငွေ ရရှိမှုပေါ်မူတည်ပြီး တွင်းနက်ကိုးခု၊ မြေသားရေကန်ကိုးခု၊ ပိုက်သွယ်တန်းလုပ်ငန်းတစ်ခုနှင့် အခြားဆက်စပ်လုပ်ငန်း သုံးခုတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျန်သည့်ကျေးရွာ ၁၈ ရွာကို ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## တပ်ကုန်းမြို့၌ မိုးမြေပဲများ အမိုးအကာအောက်ရောက်ရှိရေး ရိတ်သိမ်း

**တပ်ကုန်း ဩဂုတ် ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများ မိုးသီးနှံများတွင် ပဲတီစိမ်း၊ ဝါ၊ ပြောင်း၊ ၎ရုတ်နှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြသည့်အပြင် ဆီထွက်သီးနှံများဖြစ်သော နေကြာ၊ နှမ်းနှင့် မြေပဲများကိုလည်း စိုက်ပျိုးကြသည်။ မြေပဲစိုက်တောင်သူများ မြေပဲများ အမိုးအကာအောက်ရောက်ရှိရေး ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

**စိုက်ပျိုး**

တပ်ကုန်းမြို့နယ်အတွင်း ဆီထွက်သီးနှံများတွင် နေကြာ၂၅၃၈ ဧကလျာထားပြီး စိုက်ဧက ၁၅၅၀ ကိုလည်းကောင်း၊ နှမ်းဧက ၃၉၀၀ လျာထားပြီး စိုက်ဧက ၂၂၉၅၀ ကိုလည်းကောင်း၊ မြေပဲဧက ၁၁၆၆၀ လျာထားပြီး စိုက်ဧက ၁၅၈၈၀ ကိုလည်းကောင်း စိုက်ပျိုးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

# ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို စနစ်တကျတပ်ဆင်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံရေး အသိပေးနှိုးဆော်ချက်

၁။ ကိုဗစ်-၁၉ ရောဂါသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ဖြစ်ပွားမှုများပြားလျက်ရှိပါသည်။ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းအိုမီခရွန်ရောဂါပိုးများကို ပြည်ပမှဝင်ရောက်လာသူများနှင့် ပြည်တွင်းကူးစက်ခံရသူများတွင် တွေ့ရှိနေရပြီး ယခုရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းအစုလိုက်ကူးစက်မှုများ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။

၂။ ရောဂါကူးစက်ပြန့်ပွားမှုများအား လျော့ကျစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် -

(က) ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာရှိနေခြင်း၊ အများပြည်သူ အသုံးပြုသောယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူ ဝင်/ထွက်သွားလာ အသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာနများ၊ ရုံးများ၊ သင်တန်းများ၊ ကျောင်းများ၊ ဈေးများ၊ ဈေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာ အစရှိသော လူစုလူဝေးရှိရာ နေရာများတွင် မဖြစ်မနေတပ်ဆင်ရန်၊

(ခ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်းစသည့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာ တစ်ခုခုရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ရန်လိုအပ်ပြီး ပါးစပ်နှင့်နှာခေါင်းစည်း (Mask)တပ်ဆင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရန်၊

(ဂ) ရုံးဌာနများသို့ ဖြန့်ဝေထားပြီးဖြစ်သည့် ရုံးဌာနများ၊ လုပ်ငန်းခွင်များအတွက် ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာရန်၊

(ဃ) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက်ရှိသူအားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလ ၆ လ ရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
၃၀-၈-၂၀၂၂

## ချင်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ကျင်းပ



နေပြည်တော် ဩဂုတ် ၃၀

ချင်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဟားခါးမြို့ လွှတ်တော်ရုံး၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆုန်းထန်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက လူသစ်တန်း (အငယ်တန်း)ပြိုင်ပွဲနှင့် အလွတ်တန်း(အကြီးတန်း) ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဆုရရှိသောအသင်းများနှင့် ဖလားဆုရရှိသည့်အသင်းတို့ကို ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဖလားဆုနှင့် ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်



နေပြည်တော် ဩဂုတ် ၃၀

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန် အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက နယ်မြေခံသင်တန်းကျောင်းသို့ သွားရောက်၍ အရာရှိ၊ စစ်သည်များနှင့် နေ့လယ်စာ အတူတကွလက်ရည်တစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။ အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှတပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရမ်းဗြဲမြို့နယ်ရှိ ကျေးရွာကိုးရွာ၌ ရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်

ရမ်းဗြဲ ဩဂုတ် ၃၀

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်ရှိ ကျေးရွာကိုးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်သူလူထုနှင့် ယူနီဆက်ဖ်တို့ ပူးပေါင်း၍ ရေရရှိရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါရေရရှိရေးလုပ်ငန်းများအနက် ရမ်းဗြဲမြို့နယ် ဖက်ကျကျေးရွာ၌ ယူနီဆက်ဖ်၏ ပစ္စည်းအထောက်အပံ့ဖြင့် ကျေးရွာလူထုပူးပေါင်းကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကူအညီဖြင့် ဆောင်ရွက်လျက်ရှိသော ရေရရှိရေးလုပ်ငန်းအား ရခိုင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ယမန်နေ့မွန်းလွဲပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ဖက်ကျကျေးရွာအတွင်း အိမ်တိုင်းစေ့ရေရယူသုံးစွဲနိုင်ရေး တောင်ကုန်းပေါ်တွင် ရေစုကန်တည်ဆောက်ကာ ရေကန်အနီးတွင် ဆိုလာများတပ်ဆင်လျက် ရေစုကန်ပေါ်သို့ ရေတင်ခြင်းဖြင့် ရေရယူသုံးစွဲနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် ဖက်ကျကျေးရွာ၌ လုပ်ငန်းအားလုံး၏ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကာ လုပ်ငန်းအားလုံးပြီးစီးပါက အိမ်ခြေ ၃၃၉ အိမ်၊ လူဦးရေ ၁၅၀၀ ကျော်အား အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**

## ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေး သင်တန်းဖွင့်

ပုသိမ် ဩဂုတ် ၃၀

မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ပုသိမ်)မှ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး(ရက်တို)သင်တန်းဖွင့်ပွဲအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြက်တိုစုပေါင်းရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ ပုသိမ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းကိုကိုက သင်တန်းများဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြ ရဲအုပ်ရန်နိုင်ထွန်း(အမှတ် ၇ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု)မှ သင်တန်းအချိန်ဇယားကို ဖတ်ကြားတင်ပြခဲ့သည်။

### သုံးရက်ကြာမြင့်မည်

သင်တန်းတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေများနှင့်ပတ်သက်၍လည်းကောင်း၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော လူကုန်ကူးမှုအခြေအနေများ၊ လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့် မှတ်တမ်းပုံစံဖြည့်သွင်းမှု စသည့် ခေါင်းစဉ်များဖြင့် နည်းပြဆရာရဲအရာရှိများက သင်ကြားပို့ချခဲ့ပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဟန်(ပြန်/ဆက်)**

## ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စားသောက်ရေး အဆင်ပြေစေရန်အတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေး



**နေပြည်တော် ဩဂုတ် ၃၀**

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့်ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွပ်ဘူးများ စသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ညောင်လေးပင်မြို့၌ မုက္ခမူချောင်း သဘာဝရေပြင်အတွင်း ငါးသားပေါက်စိုက်ထည့်ခြင်း အခမ်းအနား ကျင်းပ

**ညောင်လေးပင် ဩဂုတ် ၃၀**

ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူတစ်ဦးချင်းဝင်ငွေတိုးတက်စေရေး၊ တစ်ပိုင်တစ်နိုင်ဟင်းစားရရှိရေးတို့ကို ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ယနေ့နံနက်ပိုင်းက ညောင်လေးပင်မြို့ မုက္ခမူကျေးရွာရှိမုက္ခမူချောင်း သဘာဝရေပြင်အတွင်း ငါးသားပေါက်စိုက်ထည့်ခြင်းအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

**ငါးမျိုးစိုက်ထည့်**

သဘာဝရေပြင်အတွင်း ငါးသားပေါက်စိုက်ထည့်ခြင်း အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဘုန်းမောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိန်ဝင်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဒေသခံရေလုပ်သားများ တက်ရောက်ကြပြီး နှစ်လက်မအရွယ် ငါးခုံးမကြီးနှင့် ငါးမြစ်ချင်းကောင်ရေ ၃၇၀၀၀၀ ကို မုက္ခမူချောင်း သဘာဝရေပြင်အတွင်း ဒုတိယအကြိမ် ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

**နီနီဝင်း(ညောင်လေးပင်)**

## လှိုင်ကော်မြို့၌ မထောခူ(ထက်)အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

**လှိုင်ကော် ဩဂုတ် ၃၀**

လှိုင်ကော်မြို့ မထောခူကျေးရွာအုပ်စု မထောခူ(ထက်)အခြေခံပညာ မူလတန်းလွန်ကျောင်း အုတ်ညှပ်တစ်ထပ်ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် ကယားပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် ကယားပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူး ဦးသန့်ဇင်က နယ်စပ်ဒေသတွင် နေထိုင်ကြသည့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျောင်းနှင့်ပတ်သက်သည့် အထောက်အထားစာရွက်စာတမ်းများကို ပြည်နယ်ပညာရေးမှူး ဒေါက်တာကျော်လွင်ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

**တက်ရောက်**

အဆိုပါအခမ်းအနားတွင် ကယားပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်ပညာရေးမှူး၊ ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းစေတနာအဖွဲ့မှ တာဝန်ရှိသူများ၊ မထောခူ(ထက်) အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ တက်ရောက်ခဲ့ကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းစေတနာအဖွဲ့တို့ပူးပေါင်း၍ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်း(EPD) စီမံကိန်းကို ကယားပြည်နယ်အတွင်းတွင် ၂၀၁၈ ခုနှစ်မှစတင်၍ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုဇင်(လှိုင်ကော်)**



## ငပုတောမြို့နယ်၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ငပုတော ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ငရုတ်ကောင်းမြို့နှင့် ဟိုင်းကြီးကျွန်းမြို့များတွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများပါဝင်သော စစ်ကြောင်းကြီးငါးကြောင်းကို အဖွဲ့နှစ်ဖွဲ့ဖြင့် ယမန်နေ့နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ရှေးဦးစွာ အဖွဲ့(၂)မှ အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးဖြိုးသူကျော်နှင့် အဖွဲ့ဝင်များသည် သဲဖြူကျေးရွာအုပ်စုရှိ သဲဖြူကျေးရွာ အလယ်တန်းကျောင်းနှင့် ကနစိုးကုန်းကျေးရွာ အလယ်တန်းကျောင်းခွဲတို့အား သွားရောက်ပြီး အဆိုပါ ကျောင်းများရှိ ဆရာဆရာမများနှင့် တွေ့ဆုံကာ လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် သဲဖြူကျေးရွာရှိ ဝိဇိတာရုံဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဒေသခံပြည်သူများနှင့် ကျေးရွာအတွင်း တရားဥပဒေစိုးမိုးရေး၊ သဘာဝဘေးကြိုတင်ကာကွယ်ရေး၊ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ရောက်စေရေး၊ အလယ်တန်း၊ အထက်တန်း သင်ယူပြီးမြောက်စေရေး၊ ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း ပြုလုပ်နိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံနိုင်ရေး၊ ရောဂါဖြစ်ပွားမှု လျော့နည်းစေရေးအတွက် ကြိုတင်ကာကွယ်နိုင်ရေး၊ ပြည်သူ့လုံခြုံရေးအဖွဲ့အစည်းများပူးပေါင်း၍ လုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးတို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ပြည်သူများ၏ သိရှိလိုသည့်မေးမြန်းမှုများအား သက်ဆိုင်ရာဌာနများမှ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းများ ပြုလုပ်ပေးခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးခြင်း ကျန်းမာရေးပြုစုစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

အလားတူ ဟိုင်းကြီးကျွန်းမြို့သို့ အဖွဲ့(၁)မှ အဖွဲ့ခေါင်းဆောင် ရဲမှူးမြင့်ရွှေနှင့် အဖွဲ့ဝင်များသည် ဖောင်တိုးကျေးရွာ အုပ်စုနှင့် ငပြေမကျေးရွာ အုပ်စုများသို့ ကွင်းဆင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




☆ **ကျောဖုံးမှ**

ကျေးရွာများအသုံးပြုနေသော စိမ့်စမ်းရေများ၏ ရင်းမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ကျက်စားနေထိုင်လျက်ရှိသည့် တောရိုင်းတိရစ္ဆာန်များအား ထိန်းသိမ်းစောင့်ရှောက်ရန်ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။

ပုလဲကြိုးပြင်ကာကွယ်တောအတွင်း ပျဉ်းကတိုး၊ ထောက်ကြံ့၊ အင်ကြင်း စသောအဖိုးတန်သစ်မျိုးများနှင့် နဘဲ၊ ချဉ်ယုတ်၊ နှော၊ အင်၊ ဇောင်းပုလွေး စသောသစ်မျိုးများပေါက်ရောက်ခြင်း၊ ဂျီ၊ တောကြောင်၊ တောဝက် စသောတိရစ္ဆာန်များနှင့် ငုံး၊ ခါ၊ ရစ်၊ ချိုး စသည့်ငှက်မျိုးများ၊ ဖွတ်၊ ပုတတ်၊ မြွေ စသည့်တွားသွားသတ္တဝါများ၏ ကျက်စားရာ နေရာဒေသဖြစ်ခြင်း၊ ဥပဒေများနှင့်အညီ စနစ်တကျ ထိန်းသိမ်းစီမံအုပ်ချုပ်ရန် လိုအပ်ခြင်းတို့ကြောင့် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာရခြင်းဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်လာစေမည့် ဂျိုင်း(ဇာသပြင်)နှင့် အတ္ထရံတံတား

**မော်လမြိုင်-ဇာသပြင်-အိန္ဒူ-ကော့ကရိတ်-မြဝတီလမ်း(မော်လမြိုင်-ဇာသပြင်) အပိုင်းပေါ်တွင်ရှိသည့် ဂျိုင်း(ဇာသပြင်) တံတားတည်ဆောက်မှုသည် ၆ ဒသမ ၅၃ ရာခိုင်နှုန်းနှင့် အတ္ထရံတံတားတည်ဆောက်မှုသည် ၃ ဒသမ ၅၆ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း မွန်ပြည်နယ်တံတားဦးစီးဌာနမှ သိရသည်။**

ဗညားဦး

"ဒီတံတားသစ် နှစ်စင်းကို ကျွန်တော်တို့တံတားဦးစီးဌာနအနေနဲ့ ဂျပန်နိုင်ငံရဲ့ သက်သာသောအတိုးနှုန်းချေးငွေနဲ့ တံတားဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီတံတားသစ်နှစ်စင်းရှိတဲ့ လမ်းပိုင်းဟာ မြန်မာနိုင်ငံ ရန်ကုန်သီလဝါ ရေနက်ဆိပ်ကမ်းမှ အိမ်နီးချင်း ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့ကို ဖြတ်သန်းကာ ဗီယက်နမ်နိုင်ငံ ဒါနန်းဆိပ်ကမ်းမြို့အထိ ခရီးပေါက်မှာ ဖြစ်ပါတယ်။ အရှေ့-အနောက်စီးပွားရေး စင်္ကြံလမ်းမကြီးပေါ်မှာရှိတဲ့ ပြည်တွင်း၊ ပြည်ပ ကုန်စည်စီးဆင်းမှုအတွက် အဓိကကျတဲ့ တံတားတွေလို့ ပြောလို့ရပါတယ်" ဟု မွန်ပြည်နယ်တံတားဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝေဖြိုးက ပြောကြားသည်။

ဂျိုင်း(ဇာသပြင်)တံတားသစ်နှင့် အတ္ထရံတံတားသစ် တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် စတင်ဆောင်ရွက်လျက်ရှိကြောင်း တံတားဦးစီးဌာနမှ သိရသည်။

**အာဆီယံနိုင်ငံများအကြား အဓိကဆက်သွယ်သောလမ်းမကြီး**

ဂျိုင်း(ဇာသပြင်)တံတားသစ်နှင့် အတ္ထရံတံတားသစ် စီမံကိန်းများသည် အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးပေါ်တွင်တည်ရှိပြီး ယင်းလမ်းမကြီးသည် မြန်မာ၊ ထိုင်း၊ လာအိုနှင့် ဗီယက်နမ်စသည့် အာဆီယံနိုင်ငံများအကြား အဓိကဆက်သွယ်သောလမ်းမကြီးဖြစ်သည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြောင့် ယာဉ်စီးရေများပြားလာခြင်းကို အဆင်ပြေစေရန်နှင့် တန် ၆၀ ကားများ ဖြတ်သန်းသွားလာနိုင်စေရန် အဓိကရည်ရွယ်တည်ဆောက်ခြင်းဖြစ်သည်။



အတ္ထရံတံတားသစ် တည်ဆောက်ပြီးပါက တွေ့မြင်ရမည့်ပုံ။

"ကျွန်တော်တို့ ဒေသက ကုန်စည်စီးဆင်းမှုများတယ်။ လက်ရှိတံတားတွေက အသုံးပြုတာများတော့ ခံနိုင်ဝန် လျှော့ချထားတယ်။ ဒီတော့ မြန်မြန်ဆန်ဆန် လွယ်လွယ်ကူကူ သုံးရအောင် တံတားသစ်တွေ အမြန်ပြီးစေချင်တာပေါ့။ တံတားသစ်ကြီးတွေ အသုံးပြုရတော့ ဒေသခံတွေအတွက် ကျွန်တော်တို့လို ကုန်စည်ကူးသန်းရောင်းဝယ်ပြီး အသက်မွေးဝမ်းကျောင်းပြုနေတဲ့ ဒေသခံတွေအတွက် ပိုပြီးအဆင်ပြေတာပေါ့"ဟု ဒေသခံ ဦးညွှန့်ဝေက ပြောသည်။

**တံတားနှစ်စင်း၏ ခံနိုင်ဝန်ကို ၁၃ တန်သာ လျှော့ချခွင့်ပြုထား**

လက်ရှိအသုံးပြုလျက်ရှိသည့် ဂျိုင်း(ဇာသပြင်) တံတားနှင့် အတ္ထရံတံတားတို့ကို ၁၉၉၆ ခုနှစ်တွင် တည်ဆောက်အသုံးပြုခဲ့ပြီး နေ့စဉ်ဖြတ်သန်းသွားလာသော ယာဉ်စီးရေများပြားလာခြင်းနှင့် ကုန်စည်များ ပိုမိုဖြတ်သန်းစီးဆင်းလာခြင်းတို့ကြောင့် ယခုအခါ တံတားနှစ်စင်း၏ ခံနိုင်ဝန်ကို ၁၃ တန်သာ လျှော့ချခွင့်ပြုထားသည်။

**မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို ဆက်သွယ်ပေးထားသည့် ဂျိုင်း(ဇာသပြင်) တံတားသစ်**

တည်ဆောက်ဆဲ တံတားနှစ်စင်းအနက် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို ဆက်သွယ်ပေးထားသည့် ဂျိုင်း(ဇာသပြင်) တံတားသစ်တည်ဆောက်ရေးစီမံကိန်းသည် တံတားဟောင်း၏ ရေဆန်ဘက် (U/S) (၄၅ မီတာ) အကွာတွင် ကပ်လျက်တည်ရှိသည်။

ဂျိုင်း(ဇာသပြင်) တံတားသစ်သည် တံတားအရှည် ၇၉၇ မီတာ၊ တံတားအကျယ် ၂၀ ဒသမ ၇ မီတာ ရှိသည်။ တံတားသည် လေးလမ်းသွား Cable Stayed တံတားအမျိုးအစားဖြစ်ပြီး ပင်မတံတားအပေါ်ထည်သည် သုံးခန်းတွဲ သံမဏိကြိုးဆိုင်းတံတားဖြစ်ကာ တံတားခွင့်ပြုတန်ချိန်အနေဖြင့် HL-93 Loading (AASHTO) ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန်တန် ၆၀ ဖြစ်သည်။

"တည်ဆောက်ဆဲ နောက်တံတားတစ်စင်းဖြစ်တဲ့ အတ္ထရံတံတားသစ် တည်ဆောက်ရေးစီမံကိန်းဟာ တံတားဟောင်းရဲ့ ရေစုန်ဘက် (D/S) ၃၅ မီတာ အကွာမှာ ကပ်လျက်တည်ရှိပါတယ်။ ပင်မတံတားအပေါ်ထည်က သုံးခန်းတွဲ သံမဏိကြိုးဆိုင်းတံတားဖြစ်ပြီးတော့ ချဉ်းကပ်တံတားကို T ပုံသဏ္ဌာန် ကြိုတင်သွန်းလောင်းကွန်ကရစ်ရက်မနဲ့ တည်ဆောက်ထားတဲ့ နှစ်ခန်းဆက် ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတား ဖြစ်ပါတယ်။ ဒီတံတားဟာ တံတားအကျယ် ၂၀ ဒသမ ၇ မီတာ၊ တံတားအရှည် မီတာ ၄၈၀ လေးလမ်းသွားတံတားဖြစ်ပြီး တံတားခွင့်ပြုတန်ချိန် တန် ၆၀ ဖြစ်ပါတယ်" ဟု လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)က ပြောသည်။

အတ္ထရံတံတားသစ်တည်ဆောက်ရေး စီမံကိန်းသည် မွန်ပြည်နယ်တွင်တည်ရှိပြီး မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို ဆက်သွယ်ထားသည်။

"လက်ရှိတည်ဆောက်ဆဲ တံတားနှစ်စင်းရဲ့ စီမံကိန်းကာလကို လျာထားကာလအတွင်း အချိန်မီပြီးစီးဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိတံတားနှစ်စင်းတည်ဆောက်မှုမှာ ကျန်ရှိတဲ့ လုပ်ငန်းတွေကတော့ Bored Pile တူးခြင်းလုပ်ငန်း၊ တံတားကိုယ်ထည် တည်ဆောက်ခြင်းလုပ်ငန်း၊ တံတားအပေါ်ထည် တည်ဆောက်ခြင်းလုပ်ငန်း၊ အပြီးသတ်လုပ်ငန်းတွေဆောင်ရွက်ခြင်းနဲ့ တံတားဟောင်းဖျက်သိမ်းခြင်းလုပ်ငန်း စတာတွေ ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု ၎င်းက ရှင်းပြသည်။

**ပြည်တွင်း၊ ပြည်ပကုန်စည်စီးဆင်းမှု**

ဂျိုင်း(ဇာသပြင်)တံတားသစ်နှင့် အတ္ထရံတံတားသစ်စီမံကိန်းများ ပြီးစီးပါက ယင်းတံတားနှစ်စင်းကို ပြည်သူများ ပိုမိုအဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်မည်ဖြစ်ကာ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ဒေသခံပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အပံ့ ဖြစ်စေမည်ဖြစ်သည်။ ထို့ပြင် မော်လမြိုင်အထူးစီးပွားရေးဇုန်နှင့် ထားဝယ်ရေနက်ဆိပ်ကမ်းသို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ဧရာဝတီတိုင်းဒေသကြီး အထိသို့လည်းကောင်း ပိုမိုလွယ်ကူအဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်သည့်အပြင် ပြည်တွင်း၊ ပြည်ပ ကုန်စည်စီးဆင်းမှု လျင်မြန်စေရန်အတွက် များစွာ အထောက်အပံ့ပြုလျက်ရှိသည်။ ။

**"ဂျိုင်း(ဇာသပြင်)တံတားသစ်နှင့် အတ္ထရံတံတားသစ်စီမံကိန်းများပြီးစီးပါက ယင်းတံတားနှစ်စင်းကို ပြည်သူများ ပိုမိုအဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်မည်ဖြစ်ကာ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။ ထို့ပြင် မော်လမြိုင်အထူးစီးပွားရေးဇုန်နှင့် ထားဝယ်ရေနက်ဆိပ်ကမ်းသို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ဧရာဝတီတိုင်းဒေသကြီးအထိသို့ လည်းကောင်း ပိုမိုလွယ်ကူအဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်သည့်အပြင် ပြည်တွင်း၊ ပြည်ပ ကုန်စည်စီးဆင်းမှု လျင်မြန်စေရန်အတွက် များစွာအထောက်အပံ့ပြုလျက်ရှိ"**

## အာဖရိကဝက် အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်ပြီး မိမိတို့ မွေးမြူထားသောဝက်များကို အဆိုပါရောဂါ ဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

- (၁) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ) ကူးစက်ခြင်းမရှိပါ၊
- (၂) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊
- (၃) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
- (၄) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များ ကျွေးမည်ဆိုပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊
- (၅) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊
- (၆) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
- (၇) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
- (၈) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
- (၉) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
- (၁၀) ပြည်ပမှ တရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြား ဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
- (၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
- (၁၂) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်း သတင်းပို့ရန်၊
- (၁၃) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၈၉၀၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၇ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၀-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၉-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၉၀၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀ ဒသမ ၉၈) ရာခိုင်နှုန်းရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၇) ဦးအနက် (၁၄) ဦး၊ (၁၆ ဒသမ ၀၉) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၇၃) ဦး၊ (၈၃ဒသမ ၉၁) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၇၃၆,၁၀၃) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၅,၁၁၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၅၆၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၇) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ဖြစ်ပွားမှုများပြားလျက်ရှိပါသည်။ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးများကို ပြည်ပမှ ဝင်ရောက် လာသူများနှင့် ပြည်တွင်းကူးစက်ခံရသူများတွင် တွေ့ရှိနေရပြီး ယခုရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါ ပြည်တွင်း အစုလိုက်ကူးစက်မှုများ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုများအား လျော့ကျစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် -

(က) ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာရှိနေခြင်း၊ အများပြည်သူအသုံးပြုသော ယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူဝင်/ထွက်သွားလာ အသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာနများ၊ ရုံးများ၊ သင်တန်းများ၊ ကျောင်းများ၊ ဈေးများ၊ ဈေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာအစရှိသော လူစုလူဝေးရှိရာနေရာများတွင် မဖြစ်မနေတပ်ဆင်ရန်၊

(ခ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်းစသည့် ကိုဗစ်-၁၉ ရောဂါ သံသယ လက္ခဏာတစ်ခုခုရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ရန်လိုအပ်ပြီး ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရန်၊

(ဂ) ရုံးဌာနများသို့ ဖြန့်ဝေထားပြီးဖြစ်သည့် ရုံးဌာနများ၊ လုပ်ငန်းခွင်များအတွက် ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာရန်၊

(ဃ) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့်သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက်ရှိသူအားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးထိုးနှံပြီးစီးမှု ကာလ ၆ လ ရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို မပျက်မကွက်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ (၃၀-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၁၄) ဦး | (၁၆.၀၉) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၇၃) ဦး | (၈၃.၉၁) % |
| စုစုပေါင်း | (၈၇) ဦး | (၁၀၀) % |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၆၀၉၁၁၂၀ | ၉၁၇၅၈၆၇၇ | ၁၀၆၄၉၉၉ |
| ၂။ | အိန္ဒိယ | ၄၄၄၁၉၆၇၁ | ၄၃၈၂၅၀၂၄ | ၅၂၇၈၂၉ |
| ၃။ | ပြင်သစ် | ၃၄၄၈၂၆၀၃ | ၃၃၉၆၃၉၂၁ | ၁၅၃၉၆၇ |
| ၄။ | ဘရာဇီး | ၃၄၃၉၇၂၀၅ | ၃၃၃၉၂၁၃၆ | ၆၈၃၇၁၈ |
| ၅။ | ဂျာမနီ | ၃၂၀၉၅၈၅၄ | ၃၁၂၀၄၄၀၀ | ၁၄၇၂၂၃ |
| ၆။ | ဗြိတိန် | ၂၃၄၉၂၈၇၅ | ၂၃၁၈၉၉၇၂ | ၁၈၇၇၆၁ |
| ၇။ | တောင်ကိုရီးယား | ၂၃၁၄၂၄၇၉ | ၂၁၀၈၅၂၂၂ | ၂၆၆၈၉ |
| ၈။ | အီတလီ | ၂၁၈၁၄၈၅၆ | ၂၀၉၇၀၆၈၅ | ၁၇၅၄၀၇ |
| ၉။ | ရုရှား | ၁၉၄၈၂၆၄၈ | ၁၈၅၅၇၅၈၀ | ၃၈၄၂၅၄ |
| ၁၀။ | ဂျပန် | ၁၈၆၃၂၄၂၂ | ၁၆၆၇၈၁၆၄ | ၃၉၂၅၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၀၈၉၅၂ | ၁၀၁၇၀၂၇၁ | ၄၃၁၁၇ |
| ၂။ | အင်ဒိုနီးရှား | ၆၃၅၄၂၄၅ | ၆၁၅၁၆၅၀ | ၁၅၇၇၅၁ |
| ၃။ | မလေးရှား | ၄၇၇၈၁၄၀ | ၄၇၁၀၃၆၆ | ၃၆၂၀၆ |
| ၄။ | ထိုင်း | ၄၆၄၈၆၇၉ | ၄၆၀၀၉၄၅ | ၃၂၂၇၈ |
| ၅။ | ဖိလစ်ပိုင် | ၃၈၇၈၇၃၄ | ၃၇၉၀၇၉၃ | ၆၁၇၇၃ |
| ၆။ | စင်ကာပူ | ၁၈၃၄၁၉၀ | ၁၇၅၇၂၇၂ | ၁၅၉၁ |
| ၇။ | မြန်မာ | ၆၁၅၁၁၇ | ၅၉၃၅၆၇ | ၁၉၄၃၇ |
| ၈။ | ဘရူနိုင်း | ၂၂၀၂၄၅ | ၂၁၉၅၆၁ | ၂၂၅ |
| ၉။ | လာအို | ၂၁၃၉၂၅ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၅၉၆ | ၁၃၄၃၉၄ | ၃၀၅၆ |

## ညောင်လေးပင်မြို့နယ်၌ အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်နည်းသင်တန်း ဖွင့်လှစ်

ညောင်လေးပင် ဩဂုတ် ၃၀

အခြေခံငါးမွေးမြူရေးနှင့်ငါးဆေးထိုးသားဖောက်နည်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို ညောင်လေးပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ယနေ့နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိန်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပဲခူးမြို့ ငါးစခန်းတာဝန်ခံက တစ်ပိုင်တစ်နိုင် ငါးမွေးမြူခြင်းနှင့် ငါးဆေးထိုးသားဖောက်မည့် အခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်နည်း သင်တန်းအား ပဲခူးမြို့ ငါးစခန်းမှ သင်တန်းမှူးနှစ်ဦးဖြင့် စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးခြင်းဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၈ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။




ခင်မောင်လွင် (ညောင်လေးပင်)

# ပါကစ္စတန်နိုင်ငံ၌ တစ်ရက်အတွင်း ရုတ်တရက်ရေကြီးမှုကြောင့် အနည်းဆုံး ၇၅ ဦး သေဆုံးပြီး ၅၉ ဦး ဒဏ်ရာရ

**အစ္စလာမ္မာဘတ် ဩဂုတ် ၂၀**

ပါကစ္စတန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်သည့် ရုတ်တရက်ရေကြီးမှုနှင့် မိုးရွာသွန်းမှုနှင့် ဆက်စပ်သော မတော်တဆမှုများကြောင့် အနည်းဆုံး ၇၅ ဦး သေဆုံးကာ ၅၉ ဦးဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့၏ ယမန်နေ့ညနေပိုင်းအချိန် ထုတ်ပြန်သည့် ထုတ်ပြန်ချက်တစ်ရပ်အရ လွန်ခဲ့သည့်တစ်ရက်အတွင်း နိုင်ငံတစ်ဝန်း ရေကြီးမှုကြောင့် သေဆုံးသူများအနက် အနည်းဆုံး ကလေးငယ် ၂၇ ဦးနှင့် အမျိုးသမီး ၁၇ ဦး ပါဝင်ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံ၌ ဇွန်လလယ်ပိုင်းမှစတင်ကာ မုတ်သုံမိုးကြောင့် သေဆုံးသူစုစုပေါင်း ၁၁၃၆ ဦးအထိ မြင့်တက်မှုရှိခဲ့ပြီး ၁၆၃၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ရုတ်တရက်ရေကြီးမှုဒဏ် အခံရဆုံးပြည်နယ်ဖြစ်သည့် နိုင်ငံတောင်ပိုင်းဆင်းပြည်နယ်၌ ၅၃ ဦး သေဆုံးကာ ၂၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ယင်းနောက်တွင် ရေကြီးမှုဒဏ် ဒုတိယအများဆုံး ခံရသည့် ခိုင်ဘာပက်တွန်ခွာပြည်နယ် အနောက်မြောက်ပိုင်း၌ ၁၆ ဦးသေဆုံးကာ ၃၁ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ပါကစ္စတန်နိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနေအိမ် ၁၀၅၁၅၇၀၊ တံတား ၁၆၂ စင်းနှင့် ဈေးဆိုင် ၁၇၀ တို့ ပျက်စီးခဲ့ပြီး တိရစ္ဆာန်ကောင်ရေ ၇၃၅၃၇၅ ကောင် သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အလင်းသစ်**



# တရုတ်နိုင်ငံရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နေ

**ပေကျင်း ဩဂုတ် ၂၀**

တရုတ်နိုင်ငံရှိ အသေးစားနှင့် အလတ်စား လုပ်ငန်းများသည် ယခုနှစ်ပထမနှစ်ဝက်အတွင်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် နှစ်စဉ် အမြတ် ၈ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ရရှိနေကြောင်း စက်မှုနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်းရှိ အသေးစားနှင့်အလတ်စား လုပ်ငန်းများအား အကူအညီပေးရေးမူဝါဒများ သတ်မှတ်ဆောင်ရွက်ခြင်းဖြင့် ယင်းလုပ်ငန်းများအား ငွေကြေးကုန်ကျမှု နည်းပါးစေရေး ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ယခုနှစ်ဝက်အတွင်း အသေးစားနှင့် အလတ်စားလုပ်ငန်းများအား အခွန်လျှော့ချခဲ့ခြင်းများ ဆောင်ရွက်ခဲ့သဖြင့် ယင်းလုပ်ငန်းများအနေဖြင့် ဝင်ငွေ ယွမ် ၁ ဒသမ ၈ ထရီလီယံ ရရှိခဲ့ကြောင်း သိရသည်။

**ဝင်ငွေမှာ ၂၀ ရာခိုင်နှုန်းခန့် တိုးတက်လာ**

နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကူးစက်မှုများ ရှိခဲ့သော်လည်း အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ဝင်ငွေမှာ ၂၀ ရာခိုင်နှုန်းခန့် တိုးတက်လာကြောင်းနှင့် ယင်းအသေးစားနှင့် အလတ်စား လုပ်ငန်းများအတွက် လိုအပ်သည့်နည်းပညာနှင့် ငွေကြေးအကူအညီများကို ပေးအပ်နေကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**



# ဗီယက်နမ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုတန်ဖိုး ပထမရှစ်လအတွင်း ၁၅ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်

**ဟနွိုင်း ဩဂုတ် ၂၀**

ဗီယက်နမ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုတန်ဖိုးသည် ယခုနှစ် ပထမရှစ်လအတွင်း အမေရိကန်ဒေါ်လာ ၄၉၇ ဒသမ ၆၄ ဘီလီယံ ရှိခဲ့ခြင်းကြောင့် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၅ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်းနှင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၆ ဘီလီယံရှိခဲ့ကြောင်း အထွေထွေစာရင်းအင်းရုံးက ယနေ့ပြောကြားသည်။

အထူးသဖြင့် ယခုနှစ်ပထမရှစ်လအတွင်း ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၂၅၀ ဒသမ ၈ ဘီလီယံ ရှိခဲ့ခြင်းကြောင့် ယမန်နှစ် အလားတူကာလထက် ၁၇ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်းနှင့် သွင်းကုန်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၂၄၆ ဒသမ ၈၄ ဘီလီယံရှိခဲ့ခြင်းကြောင့် ယမန်နှစ်အလားတူကာလကထက် ၁၃ ဒသမ ၆ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၇၇ ဒသမ ၇ ဘီလီယံဖြင့် ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံး သွင်းကုန်တင်သွင်းသည့်နိုင်ငံအဖြစ် ဆက်ရှိနေကြောင်းနှင့် တရုတ်နိုင်ငံသည်လည်း အမေရိကန်ဒေါ်လာ ၈၂ ဒသမ ၁ ဘီလီယံဖြင့် အကြီးဆုံးပို့ကုန်တင်ပို့သည့်နိုင်ငံအဖြစ် ဆက်ရှိနေကြောင်း ဗီယက်နမ်နိုင်ငံ အထွေထွေစာရင်းအင်းရုံးက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အလင်းသစ်**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၅၆၃၈ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် ဩဂုတ် ၂၀**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၅၆၃၈ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၃၁၄၂၄၇၉ ဦး ရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၃၈၀ သည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများ ဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူစုစုပေါင်း ၂၆၆၈၉ ဦး ရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေး အာဏာပိုင်များက ပြောကြားသည်။

အဆိုပါကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ အရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း၏ သုည ဒသမ ၁၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အလင်းသစ်**

# အမေရိကန်နိုင်ငံတွင် တစ်လအတွင်း ကလေးငယ် ၃၅၀၀၀၀ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၀**

အမေရိကန်နိုင်ငံရှိ ကလေးငယ် ၃၅၀၀၀၀ မှာ တစ်လအတွင်း ကိုဗစ်-၁၉ရောဂါ ကူးစက်ခံခဲ့ရကြောင်း အမေရိကန်ကလေးအထူးကုနှင့် ကလေးဆေးရုံများအသင်းက ပြောကြားသည်။

ဩဂုတ် ၂၅ ရက်အထိ ကာလအတွင်း ကလေးငယ် ၈၆၆၀၀ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း သိရသည်။

နိုင်ငံအတွင်း ယခုအချိန်အထိ ကလေးငယ် ၁၄ ဒသမ ၄ သန်းမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီး ယခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် ကလေးငယ် ၆ ဒသမ ၆ သန်းရှိကြောင်း သိရသည်။

နိုင်ငံအတွင်း လက်ရှိ ကူးစက်နေသည့် ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးရပ်စ်များ ကူးစက်ခံရပါက ကလေးငယ်များသည် ရောဂါပြင်းထန်စွာခံစားရခြင်းများရှိကြောင်း သိရှိထားသည့်အတွက် ကုသရေးပိုင်းတွင် တိကျစွာဆောင်ရွက်နိုင်ရေးအတွက် အချက်အလက်များ ကောက်ခံရယူသွားရမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**



# တရားမဝင် ကျွန်းထည်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စက်မှုကုန်ကြမ်းပစ္စည်း၊ ယန္တရားအပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၃၀

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်(၁၈/၄)နှင့်(၁၈/၅)အကြား၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းပါကေး အကြမ်းတုံးများ သုည ဒသမ ၅၂၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၄၆၅၂)နှင့် အဆိုပါသစ်များ တင်ဆောင်လာသော ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၄၄၆၅၂)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၂၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ ဝင်ရောက်အစစ်ဆေးခံသော ယာဉ်တစ်စီးအား အသေးစိတ်တိုက်ဆိုင်စစ်ဆေးနိုင်ရေးအတွက် လားရှိုးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ခေါ်ဆောင်၍ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာဖော်ပြထားခြင်းမရှိဘဲ ကွဲလွဲ၍တင်ဆောင်လာသော Two Wheel Tractor အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၂၉၁၂၃)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀၀) စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၂၉၁၂၃)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာ့စက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ ID တွင်ကြေညာထားခြင်းမရှိသော Generator Machine တစ်လုံးနှင့် စက္ကူပြုလုပ်ရာတွင် အသုံးပြုသည့် Strengthening Agent ၅၀၀၀ ကီလိုဂရမ်(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့အပြင် နေပြည်တော်ကောင်စီ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လယ်ဝေးမြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် မြွေရိုးကျောင်းစုကျေးရွာအုပ်စု၌ တရားမဝင်ကျွန်းခွဲသားနှင့် ကျွန်းဘုရားစင်အကြမ်း သုည ဒသမ ၁၆၉၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၅၄၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၉ ရက်တွင် ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ ID ၌ ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော ကြွေပြားချပ်များနှင့် SLIM BAG အိတ်များ(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကိုလည်းကောင်း၊ ဩဂုတ် ၃၀ ရက်တွင် ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ ID ၌ ကြေညာထားခြင်းမရှိသော MEN Slipper များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၀၀၀၀)ကို လည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၆၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၂၈ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၄၅၃၁၅) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# မြဝတီမြို့၊ ဘားအံမြို့၊ ပြင်ဦးလွင်မြို့နှင့် နောင်ချိုမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၃၀

မြဝတီမြို့၊ ဘားအံမြို့၊ ပြင်ဦးလွင်မြို့နှင့် နောင်ချိုမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၉ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် မေတ္တာလမ်းတွင် မအေးအေးဖြူ(ခ)မဖြူအား ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မြဝတီမြို့ အမှတ်(၄) ရပ်ကွက်ရှိ စားသောက်ဆိုင်အနီးတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် မျိုးထက်(ခ) ဂတုံး(ခ) အညာသားနှင့် စောမြင့်ထွန်း(ခ)ဖူးဖူးတို့အား ယာဉ်တစ်စီး၊ ဆိုင်ကယ်တစ်စီးတို့နှင့်အတူ လည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့ အမှတ်(၈) ရပ်ကွက် ဘားအံ-ထုံးအိုင်သွား ကားလမ်းတွင် ခင်မောင်ထွေးမောင်းနှင်ပြီး မမြမြလိုက်ပါလာသည့်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၇၁ ပြားကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ည ၇ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၁) လားရှိုး-မန္တလေးသွားကားလမ်းတွင် မအိအိဖြိုးမောင်းနှင်ပြီး မနှင်းနှင်းလိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ကို လည်းကောင်း၊ ယင်းနေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအနီး ရပ်စောက်-နောင်ချိုသွားကားလမ်းတွင် အောင်ချစ်(ခ)ကိုချစ် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၃၀

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား အဓိကငွေကြေးထောက်ပံ့နေသည့် မြန်မာသူရကျောက်မျက်ကုမ္ပဏီပိုင်ရှင် ကျော်သူရအပါအဝင် တရားခံများအား ဖမ်းဆီးရမိ"** ခေါင်းစဉ်ဖြင့် ဩဂုတ် ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မန္တလေးမြို့၌ စီအိုင်ဒီရဲမှူးဆိုပြီး အရပ်သားနှစ်ဦးအား မှားယွင်းသတ်ဖြတ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာထားကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၁-၈-၂၀၂၂ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ မေတ္တာသုတ်၊ ရတနာသုတ်၊ တော့ချုပ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
- ၀၉:၃၀ မွေးမြူရေးရာအဖြာဖြာ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၄၀ ရွှေပယ်စုံလင်အာဆီယံအစီအစဉ်
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ငေး' (အပိုင်း-၄၀)(ဇာတ်သိမ်းပိုင်း)
- ၁၃:၃၀ MRTV National News
- ၁၆:၃၅ အသိပညာနှင့်အမှန်တရား
- ၁၇:၃၅ ခေတ်အလိုက်ကြေးမုံပြင်
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ '(၃၀)ဖြာမင်္ဂလာ' (ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်) 'ဗဟုသုတ္တ'
- ၁၉:၁၀ ရုပ်မြင်သံကြားဇာတ်လမ်း 'တန်ဖိုးရှိသူဖြစ်ပါစေ'
- ၁၉:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ဝန်းရန့် လွင့်ပျံ့အမှုန်း' (အပိုင်း-၉)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၃၅ (၁၀)ကြိမ်မြောက်ဆိုကရေးတီးပြိုင်ပွဲ 'မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း' (ပထမဆု) (ရန်ကုန်တိုင်းဒေသကြီး)(ပထမပိုင်း)
- ၂၂:၅၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း-၁၉)

### mitv

- 07:02 Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy)
- 07:05 Mote Sein Paung from Intaing Village
- 07:15 Talking Shwe Thway (Children Journal)
- 07:27 Danu Food: Tofu Dish
- 07:35 Asia Updates: Racing against the Coronavirus (Epi-1) (P-3) Concerted Efforts
- 08:01 Myanmar Paper Toys
- 08:07 Bridge On The River Tapam
- 08:29 Let's go to....Natural Paradise
- 09:01 News
- 09:26 Global Partnership for Brighter Future: Peru Pavilion at Expo 2020 Dubai
- 09:36 Artist Life: Designer May Myat Waso

### MRTV NRC

- **အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ညီညွတ်ရေးသံစဉ်
- **ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** သံပရာခွံအရန်ဟင်းချက်ပြုတ်နည်း
- **ချင်း(ချိုး) (၀၈:၀၀ မှ ၀၉:၀၀)** သီးနှံသစ်အတွက်ဆုတောင်းခြင်း
- **မွန် (၀၉:၀၀ မှ ၁၁:၀၀)** ဖေါ်လမြိုင်မြို့ရဲ့အထင်ကရနေရာများ
- **ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** မြန်မာပြည်တစ်လွှားလျှာထိအာထိရခိုင်ဟင်းလျာများ
- **ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** မိုးနဲ့ဒေသလွယ်လျှန်းကျောင်းမှသမိုင်းဝင်လက်ရာများ
- **ဝ (၁၅:၀၀ မှ ၁၇:၀၀)** ကြက်သွန်ဖြူနှင့်ကျန်းမာရေး
- **ကချင် (၁၇:၀၀ မှ ၁၉:၀၀)** ရဝမ်ရိုးရာဝတ်စားဆင်ယင်ပုံ
- **ကယား (၁၉:၀၀ မှ ၂၁:၀၀)** သွေးချင်းတို့ရဲ့ ရိုးရာယဉ်ကျေးမှုများဆီသို့
- **ပအိုဝ်း (၂၁:၀၀ မှ ၂၂:၀၀)** ကရင်အဝေါ်အဝေါ်စာအုပ်
- **အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** ကရင်စကားပုံများအကြောင်း

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ ASEAN Creative Economy
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကိုယ်နှင့်မဆိုင်သော်လည်း'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၈)
- ၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၁)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၈)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၇:၁၅ အပင်ဇီဝအရင်းအမြစ်များစုဆောင်းရာ မျိုးစေ့ဘဏ်အကြောင်းသိကောင်းစရာ
- ၀၇:၃၅ စီးပွားဖြစ်နိုင်တစ်ပိုင်တစ်နိုင်ဒေသကြက်နှင့် ဘဲမွေးမြူကြအိုင်
- ၀၇:၄၅ တောင်သူလယ်သမားများအတွက်စံပြကွက်
- ၀၈:၂၅ ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ
- ၀၉:၄၅ ရာဘာနှင့်ဆီအုန်းစပ်မျိုးသစ်များထုတ်လုပ်ခြင်း

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/Weekly Sports Info Sports Diary/Weekly MNL Review
- ၀၇:၄၅ အားကစားလောကထဲကသူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal




### ၂၀၂၂ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၃၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက်နေ သိရီမျိုးသက်(ခ) ပိုတိုးသည် ၎င်းအသုံးပြုသည့် "Li Lith" Facebook အကောင့်၊ နွားထိုးကြီးမြို့နယ် ကံဦးကျေးရွာနေ ဉူးဇနက(ခ) စိုးနိုင်ဦးသည် ၎င်းအသုံးပြုသည့် "Htet Hein" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တရားမဝင်သစ် ၁၁၇ တန်ကျော်ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၃၀

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၂ ရက်မှ ၂၈ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၄၉ ဒသမ ၉၉၈၈ တန်၊ သစ်မာ ၇ ဒသမ ၇၄၆၆ တန်၊ အခြား ၅၉ ဒသမ ၈၉၈၈ တန် စုစုပေါင်း ၁၁၇ ဒသမ ၆၄၄၂ တန်၊ တရားခံ ၁၇ ဦး၊ ယာဉ်/ယန္တရား ၁၈ စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## မြန်မာ ယူ-၁၉ အသင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် ယူ-၁၉ အသင်း ဒုတိယခြေစမ်းပွဲ ပြုလုပ်မည်

ရန်ကုန် ဩဂုတ် ၃၀

၂၀၂၃ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၉ အသင်းနှင့် ကျင်းပပြီးစီးခဲ့သည့် ၂၀၂၂ တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၉ ဘောလုံးပြိုင်ပွဲမှ ခြေစွမ်းပြနိုင်သည့် ကစားသမားများဖြင့် ဖွဲ့စည်းထားသည့် တိုင်းဒေသကြီး/ပြည်နယ် ယူ-၁၉ အသင်းတို့၏ ဒုတိယခြေစမ်းပွဲကို ဩဂုတ် ၃၁ ရက် ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏဘောလုံးကွင်း၌ ပြုလုပ်သွားမည်ဖြစ်သည်။

ပထမခြေစမ်းပွဲကို ဩဂုတ် ၂၉ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပရာ မြန်မာ ယူ-၁၉ လက်ရွေးစင်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာ ယူ-၁၉ လက်ရွေးစင်အသင်းသည် ခြေစစ်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်ရန် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ရလဒ်ပိုင်းထက် ကစားသမားများ၏ ခြေစွမ်းနှင့် ကစားကွက်ကို အဓိကစမ်းသပ်ခဲ့သည်။ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ အသင်းကို ပဏာမကစားသမား ၃၅ ဦးဖြင့် ဖွဲ့စည်းထားပြီး နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်း၊ လက်ထောက်နည်းပြများအဖြစ် ဦးမင်းမင်းထွန်းနှင့် ဦးစထက်နိုင်ဝင်း၊ ဂိုးနည်းပြအဖြစ် ဦးစိန်အေးတို့က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၉ အမျိုးသား ဘောလုံးအသင်းကို ကစားသမား ၂၉ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၉ ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော ကရင်ပြည်နယ်အသင်းနည်းပြ ဦးသိန်းဇံနှင့် ဒုတိယရရှိခဲ့သော မွန်ပြည်နယ်အသင်းနည်းပြ ဦးမင်းသူ၊ ဂိုးနည်းပြအဖြစ် ကရင်ပြည်နယ်အသင်းမှ ဦးသူရနိုင်တို့က တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။

**ကိုညီလေး**

## AFF Cup 2022 ပြိုင်ပွဲ၌ မြန်မာအသင်း အုပ်စု (ခ) တွင် ကျရောက်

ရန်ကုန် ဩဂုတ် ၃၀

အာဆီယံဒေသတွင်း အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် AFF Cup 2022 ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ဩဂုတ် ၃၀ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပရာ မြန်မာအသင်းသည် အုပ်စု (ခ) တွင် ကျရောက်ခဲ့သည်။

**ငါးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်**

ပြိုင်ပွဲကို ငါးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ခြေစစ်ပွဲအောင်အသင်း (တီမော/ဘရူနိုင်း)၊ အုပ်စု(ခ)တွင် ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ မြန်မာနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အရှေ့တောင်အာရှ ၁၁ သင်းအနက် အဆင့်သတ်မှတ်ချက် အမြင့်ဆုံးကိုးသင်းကို နောက်ဆုံးအဆင့်၌ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ပြုခဲ့ပြီး အနိမ့်ဆုံးနှစ်သင်းဖြစ်သည့် တီမောနှင့် ဘရူနိုင်းအသင်းတို့မှာ ခြေစစ်ပွဲကစားရပြီး အနိုင်ရသည့် တစ်သင်းသာ နောက်ဆုံးအဆင့် ကစားခွင့်ရမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ ခြေစစ်ပွဲကို နိုဝင်ဘာလတွင် ကျင်းပမည်ဖြစ်ပြီး နောက်ဆုံးအဆင့်ပွဲစဉ်များကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် အုပ်စုလေးပွဲကို အိမ်ကွင်း နှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ ကစားရမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။




မြန်မာအသင်းသည် ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသဖြင့် နောက်တစ်ဆင့် တက်ရောက်နိုင်ရန် ရှန်းကန်ရဖွယ်ရှိနေသည်။ မြန်မာအသင်းသည် နောက်ဆုံးကျင်းပသည့် ၂၀၂၀ ပြိုင်ပွဲတွင် တစ်အုပ်စုတည်း ကျရောက်ခဲ့သည့်အသင်းများအနက် စင်ကာပူအသင်းနှင့်သာ ပြန်လည်တွေ့ဆုံလျက်ရှိသည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-AFF**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၀၅ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၅ | ၂၆၅၀ | ၂၆၇၅ | ၂၆၆၀ | ၂၆၃၅ | ၂၇၃၀ | ၂၇၄၅ | ၂၆၄၅ | ၂၆၅၀ | ၂၆၈၅ | ၂၆၈၅ | ၂၆၉၀ | ၂၉၁၀ | ၃၂၁၀ |
| 95 Ron | ၂၆၇၀ | ၂၇၁၅ | ၂၇၁၅ | ၂၆၈၀ | ၂၇၁၅ | ၂၇၃၅ | ၂၇၂၅ | ၂၇၀၀ | ၂၇၉၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၂၅ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၅ | ၂၉၇၅ | ၃၂၇၅ |
| HSD (500 ppm) | ၃၂၄၅ | ၃၂၉၀ | ၃၂၈၅ | ၃၂၅၅ | ၃၂၉၀ | ၃၃၁၅ | ၃၃၁၀ | ၃၂၇၅ | ၃၃၉၀ | ၃၃၈၅ | ၃၂၈၅ | ၃၂၉၀ | ၃၃၂၅ | ၃၃၂၅ | ၃၃၃၀ | ၃၅၅၀ | ၃၈၇၅ |
| HSD (50 ppm) | ၃၃၃၀ | ၃၃၇၅ | ၃၃၇၀ | ၃၃၃၅ | ၃၃၇၅ | ၃၃၉၅ | ၃၃၉၀ | ၃၃၆၀ | ၃၄၇၅ | ၃၄၇၀ | ၃၃၆၅ | ၃၃၇၅ | ၃၄၁၀ | ၃၄၁၀ | ၃၄၁၀ | ၃၆၃၀ | ၃၉၁၀ |
| HSD (10 ppm) | ၃၃၃၀ | ၃၃၇၅ | ၃၃၇၀ | ၃၃၃၅ | ၃၃၇၅ | ၃၃၉၅ | ၃၃၉၀ | ၃၃၆၀ | ၃၄၇၅ | ၃၄၇၀ | ၃၃၆၅ | ၃၃၇၅ | ၃၄၁၀ | ၃၄၁၀ | ၃၄၁၀ | ၃၆၃၀ | ၃၉၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၈၉ | ၂၅၇၂ |
| 95 Ron | ၂၅၅၂ | ၂၆၃၆ |
| HSD (500 ppm) | ၃၁၁၀ | ၃၂၀၂ |
| HSD (50 ppm) | ၃၁၉၁ | ၃၂၈၄ |
| HSD (10 ppm) | ၃၁၉၁ | ၃၂၈၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## မိဘတို့ဂုဏ်ရည်နှင့် ဘဝထဲက အမှတ်တရစာစုများ




စာရေးသူ တက္ကသိုလ်နန်းမိုခမ်း ရေးသားသည့် မိဘတို့ဂုဏ်ရည်နှင့် ဘဝထဲက အမှတ်တရစာစုများ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မုတိတာစကားဆိုပါရစေ၊ မိဘကျေးဇူး (ကဗျာ)၊ ကျေးဇူးရှင် ဖေဖေနှင့်မေမေ၊ မိသားစုစိတ်ဓာတ်နှင့် တာဝန်ချစ်စိတ်၊ မြတ်ဆရာနှင့် မြတ်သောတပည့်များ၊ နှလုံးသားလှသူ၊ သံယောဇဉ်ရဲ့နောက်ကွယ်၊ မိဘတို့ဂုဏ်ရည်၊ ဘဝထဲက အမှတ်တရဖြစ်ရပ်ကလေးတွေ၊ မွေးစားသားသမီးဘဝရောက်ခြင်းမှ ကင်းဝေးရပါစေ၊ ဝဋ်ဆိုတာ၊ စာဖတ်နိုင်ကြပါစေ၊ ယဉ်ကျေးကြသည် ဆိုရာဝယ်၊ ဗုဒ္ဓအလိုကျ လူကြီးလူကောင်းစိတ်ဓာတ်၊ အမိတက္ကသိုလ်သို့ ကန်တော့ပန်း၊ ကံ့ကော်မြေမှ ရှုပရွာသို့ ပြန်လည်တမ်းတခြင်း၊ စိတ်ပျက်ခြင်းအနုပညာ၊ အမြဲတမ်းသီတင်းကျွတ်နေကြသူများ စသည့်စာစု ၂၇ ပုဒ်ပါဝင်သည်။

အဆိုပါစာအုပ်ကို ကောင်းထွဋ်စာပေ၊ အမှတ် (၂၇)၊ မာန်ပြေ-၂၁ လမ်း (အရှေ့)၊ ၃-ရပ်ကွက်၊ သာကေတမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၉ - ၄၄၃၀၂၀၁၇၁၊ ၀၉-၇၃၀၂၀၁၇၁၊ ၀၉-၂၅၀၀၇၉၇၈၁ မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။

❖ ဘုန်းမောက်မှ

ဘုန်းမောက်အသင်းဟာ နည်းပြစကော့ပါကာကို အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခဲ့ပြီးနောက် ဂယ်ရီအိုနေးလ်ဟာ အသင်းရဲ့ ယာယီနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်မှာဖြစ်ပြီး ရှာအွန်ကူပါနဲ့ တွမ်မီအဲလ်ဖစ်တို့ဟာ လက်ထောက်နည်းပြများအဖြစ် တာဝန်ယူ ကိုင်တွယ်မှာဖြစ်တယ်လို့ သိရပါတယ်။

နည်းပြစကော့ပါကာဟာ ၂၀၂၁ ခုနှစ် ဇွန်လအတွင်းက ဖူလ်ဟမ်အသင်းကနေ ဘုန်းမောက်အသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး ချန်ပီယံရှစ်ပြိုင်ပွဲကနေ ပရီမီယာလိဂ်ကို တန်းတက်ခွင့်ရရှိအောင်လည်းစွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပါတယ်။

ဒါပေမဲ့ လက်ရှိအချိန်မှာ နည်းပြအဖြစ်ကနေ ထုတ်ပယ်ခဲ့ပြီဖြစ်တာကြောင့် တန်းတက်အသင်းတစ်သင်းအနေနဲ့ နည်းပြတစ်ဦးကို ထုတ်ပယ်ခဲ့ခြင်းဟာ ၁၈ နှစ်တာကာလအတွင်း ပရီမီယာလိဂ်နည်းပြတစ်ဦးကို ပထမဆုံးထုတ်ပယ်ခံရခြင်းဖြစ်ပါတယ်။ ၂၀၀၄ ခုနှစ်က တန်းတက်နယူးကာဆယ်အသင်းက နည်းပြ ဘော့ဘီရော့ဘ်ဆင်ကို ထုတ်ပယ်ပြီးနောက်ပိုင်း တန်းတက်အသင်းတစ်သင်းက နည်းပြကို ပထမဆုံးအကြိမ် ထုတ်ပယ်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။ **ငွေကြယ်**

## MNL-2 ပြိုင်ပွဲတွင် ကချင်ယူနိုက်တက်အသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဩဂုတ် ၃၀**

၂၀၂၂ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၅) ပထမနေ့ကို ဩဂုတ် ၂၉ ရက်က သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁၌ ဆက်လက်ကျင်းပရာ ကချင်ယူနိုက်တက်အသင်းက မောရဝတီအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ကချင်ယူနိုက်တက်အသင်းသည် နှစ်ပွဲဆက် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ယခုပွဲအနိုင်ရလဒ်ကြောင့် ဇယားထိပ်ပိုင်းသို့ တက်လှမ်းလာနိုင်ခဲ့သည်။ မောရဝတီအသင်းမှာမူ ရာသီအစ အဖွင့်ပွဲတွင် အနိုင်ရသော်လည်း သုံးပွဲဆက်တိုက် နိုင်ပွဲပျောက်ခဲ့ရသည်။

ယခုပွဲတွင် မိနစ် ၃၀ ကျော်အထိ ဂိုးမသွင်းနိုင်သော်လည်း ၃၅ မိနစ်မှစတင်ကာ သွင်းဂိုးများမြင်တွေ့ခဲ့ရပြီး ၃၅ မိနစ်မှ ၇၄ မိနစ်အတွင်း နှစ်သင်းပေါင်းသွင်းဂိုး ငါးဂိုးအထိ တွေ့မြင်ခဲ့ရသည်။ ကချင်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၃၅ မိနစ်တွင် ဇော်မွန်အောင်၊ ၄၄ မိနစ်တွင် ဆိုင်းအောင်၊ ၅၇ မိနစ်တွင် ညီညီထွန်းနှင့် ၇၄ မိနစ်တွင် S.Gun Lum တို့က သွင်းယူခဲ့သည်။ မောရဝတီအသင်းအတွက် ချေပဂိုးကို ၄၅+၁ မိနစ်တွင် အောင်မြတ်မင်းက သွင်းယူခဲ့သည်။

ပွဲစဉ် (၅) ဒုတိယနေ့ကို စက်တင်ဘာ ၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ယောမြေအသင်းနှင့် တက္ကသိုလ်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကိုညီလေး**

စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည် ပြီးပါပြီ။ ဆက်လက်၍ ၁၉၆၀ ပြည့်နှစ် စာပေဗိမာန်ဆုရ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ်ဝတ္ထုကို ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ကြောင်း စာဖတ်ပရိသတ်အပေါင်းကို အသိပေးအပ်ပါသည်။ အဆိုပါဝတ္ထုမှာ စာဖတ်ပရိသတ်များ၏ တောင်းဆိုမှုကြောင့် (၁၇)ကြိမ်တိုင်တိုင် ပုံနှိပ်ထုတ်ဝေခဲ့ရသည်။




**ယမန်နေ့မှအဆက်**

နွယ်နွယ်ထွန်း၏စကားကြောင့် ဒေါ်ရေနံ့သာခင်ခင်ကြီး နားလည်နိုင်သောအရာများ ရှိလာသည်။ အစက နွယ်နွယ်ထွန်း ခပ်စိမ်းစိမ်း ခပ်တန်းတန်း ရှိခဲ့ရခြင်းများနှင့် ပတ်သက်သည်။ သူ့ဖခင်နှင့် ပတ်သက်၍ နားမလည်နိုင်ခြင်းများ ရှိကောင်းရှိမည်။ ယခုမူ သမီးဖြစ်သူအပေါ်ထားရှိအပ်သော မိခင်၏မေတ္တာနှင့် သမီးဖြစ်သူက ထားရှိရမည့် မေတ္တာတရားကို သူ ခွဲခွဲခြားခြား ကွဲကွဲပြားပြား သဘောပေါက်နားလည်ခဲ့ဟန် တူသည်။

နွယ်နွယ်ထွန်းသည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ မျက်နှာကို မော့ကြည့်သည်။

"အစစအရာရာအတွက် သမီးကို ခွင့်လွှတ်ပါ မေမေ"

"သမီးရယ်"

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် နွယ်နွယ်ထွန်းအား အသွေးအသားချင်း ပေါင်းစပ်သွားမတတ် တင်းတင်းကျပ်ကျပ်ကြီး ဖက်လိုက်မိလေသည်။

x x x x x

[ ၇ ]

သို့နှယ်ဖြင့် ...

နွေ၏ ပူပြင်းခြောက်သွေ့သော အပြင်အလျာသည် ကုန်ဆုံးတော့မည့် အရိပ်နိမိတ်ကို ပြလာသည်။ ရိုးတံပြိုင်းပြိုင်း၊ အကိုင်းသွယ်သွယ်ဖြင့် မတင့်မတယ် ရှိခဲ့ရသော သစ်ပင်တို့မှာ ပုရစ်နုမြရွက်သစ် ဆင်ယင်စ ပြုလာသည်။ မရင့်သေးသော ရွက်နုကလေးတို့မှာ စိမ်းဖျော့ဖျော့ ရှိနေကြသည်။ မကြာမီ အပင်တို့မှာ အဝတ်သစ်ဖြင့် တင့်တယ် ပျိုနုလာရလေတော့မည် ဖြစ်သည်။

မိုးရိပ်မိုးဆင်ကို ကောင်းကင်ပြင်၌ မြင်ရသည်။ မိုးပြာပြာထဲမှာ ရွက်တိုက်လွင့်မျောသွားသော တိမ်တိုက်ကလေးများကို တွေ့ရစ ပြုလာသည်။ တစ်ခါတစ်ရံတွင်မူ အဝေးဆီမှ လျှပ်ရောင် ပြိုးပြက်သလို မြင်ရသည်။ မိုးချုန်းသံကြားရသလို ရှိသည်။

ခြံထောင့်မှ ပိတောက်ပင်သည် ပုရစ်နု မြရွက်သစ်တို့ဖြင့် တင့်တယ်စပြုလာလေသည်။ ပိတောက်ပင်ကို ကြည့်ရသည်မှာ အဝတ်သစ် ဝတ်ဆင်ထားရသော ကလေးငယ်တစ်ယောက်သဖွယ် ရွှင်လန်းနေသည် ထင်ရသည်။ မကြာမီ မြသားအသွင် အရွက်ဖားဖားတို့ဖြင့် ဝေဆာလာပေလိမ့်မည်။ မကြာမီမှာ မိုးကို ကြိုပေတော့မည်။ ပြီးလျှင်မူ ပိတောက်ပင်သည် ဝါရည်လွင်ကာ ပျံ့ပျံ့အေးအေး မွှေးလှော့ရှိသော ပိတောက်ပန်းတို့ဖြင့် အဆင်းတန်ဆာ ဆင်လာပေလိမ့်ဦးမည်။

နွေ၏ နိဂုံး၌ မိုးသည် တန်ပြန်၍ အစပျိုးပေးလိမ့်ဦးမည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် အိပ်ခန်း ပြတင်းပေါက်မှနေ၍ ပိတောက်ပင်ဆီသို့ ငေးကြည့်နေသည်။ အချိန်မှာ ညနေစောင်း ဖြစ်သည်။ နေဝင်ကာ ဆည်းဆာ ပျောက်ကွယ်သွားပြီး ဖြစ်သော်လည်း ဝန်းကျင်မှာ လင်းထင်းဆဲ ရှိနေသည်။ မာလီသည် ပိတောက်ရွက်ကြွေများကို တံမြက်လှည်းလျက် စုပုံကာ မီးရှို့ထားသည်။ သစ်ရွက်မီးခိုးသည် သူ့ထံ ပျံ့လွင့်ရောက်ရှိလာသည်။ မီးခိုးနံ့ကို ရှူရှိုက်နေရသည်။ သို့လင့်ကစား သူသည် ထိုနေရာမှ ထွက်ခွာသွားခဲ့ရန် သတိမေ့လျော့နေမိသူပမာ ရပ်မြဲ ရပ်နေမိလေသည်။ သူ့စိတ်အတွေးတို့သည်လည်း မီးခိုးများနှယ် ပျံ့လွင့်နေသည်။ အာရုံသည် တစ်ခုတည်းသော အကြောင်းအရာအပေါ်၌ စူးစိုက်နေခြင်း မရှိ။ ဟိုဟိုသည်သည် ရောက်နေသည်။ အတွေးတို့က မည်မည်ရရ မရှိလှ။ တောင်စဉ်ရေမရ ဆန်လှသည်။

ရံခါတွင် အာရုံတွင် ရေနံချောင်းဆီသို့ ရောက်ချင်ရောက်သွားသည်။ ကိုကိုနှင့် မမဝင်းရီတို့ကို သတိရချင်နေတတ်သည်။ သူတို့၏ ဘဝက ယခုအခါ အေးချမ်းသည်။ ငြိမ်သက်သည်။ ကန်ရေမျက်နှာပြင်နှယ် အပြောင်းအလွဲမရှိ။

သူတို့နှင့်စပ်ကာ ဗိုလ်မှူးညိုထွန်းကို အမှတ်ရတတ်ပြန်သည်။ တစ်လောက သူ မေမြို့၌ အိမ်နှင့်ခြံ ဝယ်လိုက်ကြောင်း ကြားရသည်။ ဗိုလ်မှူးညိုထွန်းသည် မေမြို့မှာပင် သူ့ဘဝကို စခန်းချ ရပ်နားတော့မည်ဟု ယူဆရသည်။ ဝယ်ယူခဲ့သော ခြံ၌ မက်မန်းပင် အများအပြား ပါရှိသည်။ နို့စားနွားနှင့် မျိုးသန့်ကြက်များ မွေးမည်ဆိုသည်။ သူသည် စိုက်ပျိုးရေး မွေးမြူရေးလုပ်ရင်း တစ်ဖက်က သူဝါသနာပါရာ ဂီတနှင့် ပန်းချီကို လိုက်စားနိုင်မည်ဖြစ်သည်။ အချိန်ရလျှင် ဆောင်းပါးများ ထွက်ပေါ်လာနိုင်ပေသည်။ သူသည် ယင်းအရာများဖြင့် ဘဝကို ဖောက်ချတော့မည်မှာ သေချာသည်။

ဗိုလ်မှူးညိုထွန်းနှင့် စပ်လျဉ်းလာလျှင် တစ်ခါက ဖတ်ဖူးသော ဘဝ၏အလွမ်း ဆိုသော စာပိုဒ်ကလေးကို ဒေါ်ရေနံ့သာခင်ခင်ကြီး သတိတရ ရှိလာမိတတ်သည်။ ဘဝ၏အလွမ်းသည် သာမန်အလွမ်းနှင့် မတူ၊ သာမန်အလွမ်းက တစ်ခဏနှင့် ပြေပျောက်မည်ဆိုလျှင်လည်း ပြေပျောက်သွားနိုင်သည်။ ဖြေဖျောက်၍လည်း ရချင် ရနိုင်သည်။ ဘဝ၏အလွမ်းဆိုသည်မျိုးက အသက်မသေသရွေ့ မပြေပျောက်နိုင်။ အိုမင်းရင့်ရော်နေသူတစ်ယောက်က ငယ်ရွယ်နုနေစဉ်က ဘဝကို ပြန်လည်တောင့်တခြင်းသည် ဘဝ၏အလွမ်းပင် ဖြစ်သည်။ ဆည်းဆာအရွယ်တွင် ဘဝအရုဏ်ဦးကို အိပ်မက်မက်နေခြင်းမှာ ဘဝ၏အလွမ်းပင် ဖြစ်သည်။ သို့မဟုတ် မရနိုင်မှန်းလည်း သိသည်၊ ယူလိုစိတ်လည်း မရှိတော့ဘဲနှင့် မျှော်လင့်တောင့်တနေခြင်းမျိုးကို ဘဝ၏ အလွမ်းဟုဆိုက ရစကောင်း၏ထင်သည်။

နောင်နှစ် နွေဦးလောက်တွင် ဗိုလ်မှူးညိုထွန်း အငြိမ်းစား ရလောက်ပြီ။ သည်အခါမှ သူ့ခြံသို့သွားကာ အေးအေးဆေးဆေး နေရဦးမည်ဟု ဒေါ်ရေနံ့သာခင်ခင်ကြီး စိတ်ကူးထားသည်။ သူစိမ်းတို့အထဲတွင် သူ အခင်မင်ဆုံးသည် ဗိုလ်မှူးညိုထွန်းဖြစ်သည်ဆိုခြင်းကိုတော့ အသက်ထက်ဆုံး ပြုရပေလိမ့်မည်။ သူ့အတွက် တစ်စုံတစ်ခုသော အတိုင်းအတာအထိ ထိရောက်သော လိုက်လျောမှုကို ပြုရပေလိမ့်မည်။ နောက်နှစ် နွေဦးတွင် ဒေါ်ရေနံ့သာခင်ခင်ကြီးအဖို့ စိတ်ရောကိုယ်ပါ များစွာ ပေါ့ပါးလွတ်လပ်သွားဖွယ်ရာများ ရှိသည်။ ၎င်းမှာ နွယ်နွယ်ထွန်းနှင့် အဓိက ပတ်သက်သည်။ ယင်းအချိန်လောက်ဆိုလျှင် နွယ်နွယ်ထွန်း လက်ထပ်ပြီးလောက်ပြီဟု အောက်မေ့သည်။

နွယ်နွယ်ထွန်းသည် သူ လက်ထပ်မည့်သူကို သူ့ဘာသာ ရှာလာသည်။ ထိုသူငယ်သည် နွယ်နွယ်ထွန်းနှင့် နိုင်ငံခြားမှာ စာသင်နေရင်း တွေ့ခဲ့ကြသည်။ သူက အင်ဂျင်နီယာ ဖြစ်သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ထိုသူငယ်၏ အကြောင်းကို လေ့လာကြည့်ခဲ့သည်။ ကန့်ကွက်ဖွယ်ရာ မမြင်ခဲ့။ ဆွေမျိုးသန့်သည်။ ရိုးဂုဏ်ရှိသည်။ ရုပ်ရည်ရော၊ ပညာပါ အထူးပြောစရာမရှိ။ သမီးဖြစ်သူကိုယ်၌က အသက်အရွယ်အရ လည်းကောင်း၊ ပညာအရ လည်းကောင်း၊ အတွေးအခေါ်အရ လည်းကောင်း ပြည့်စုံသောအခြေအနေဖြစ်၍ သူ့ဘဝကြမ္မာကို သူ့ဘာသာဖန်တီးရန် ဒေါ်ရေနံ့သာခင်ခင်ကြီး ခွင့်ပြုလိုက်သည်။

အကယ်၍ နွယ်နွယ်ထွန်း လက်ထပ်ပြီး သားသမီးရခဲ့ပါလျှင် မိမိအပေါ် သည်ထက်မက နားလည်လာပေလိမ့်မည်ဟု ဒေါ်ရေနံ့သာခင်ခင်ကြီး မျှော်လင့်သည်။

နန်းကိန္နရီနှင့် ပတ်သက်၍ စဉ်းစားမိလေတော့သည်။ ရင်ထဲမှာ ကြေကွဲသလို ခံစားရသည်။ ဒေါ်ခေမာ ရောက်လာခဲ့ခြင်းမှာ သူ့အဖို့ အတိတ်တစ္ဆေ အခြောက်ခံရသည်နှင့် တူနေခဲ့သည်။ မြှုပ်နှံသင်္ဂြိုဟ်ပြီးဖြစ်သော အတိတ်ကို ပြန်လည် တူးဖော်ရသည်နှင့် တူနေသည်။

နန်းကိန္နရီသည် ဒေါ်ခေမာ ဆုံးသည့်နေ့က အထုပ်အပိုးနှင့် မျိုးထွန်းသိန်း၏အိမ်မှ ဆင်းရန် ကြိုးစားသည်။ အားလုံးကို အထိတ်တလန့်ဖြစ်အောင် ပြုသည်။

"ကျွန်မဟာ ဒီအသိုက်အဝန်းနဲ့ မတန်ပါဘူး၊ ကျွန်မလာခဲ့ရတဲ့ဘဝက မိဘကစပြီး နိမ့်ကျခဲ့ပါတယ်၊ မသန့်စင်ပါဘူး၊ ဒါကြောင့် ကျွန်မ ဒီအသိုက်အဝန်းက ခွာဖို့ ဆုံးဖြတ်လိုက်ပါပြီ"

နန်းကိန္နရီသည် ယင်းစကားကို ဆိုခဲ့သည်။ သူ့စကားအတွက် အားလုံး စိတ်မကောင်းဖြစ်ကြရသည်။ ယင်းကဲ့သို့ သဘောမထားကြောင်း ဝိုင်းဝန်းချော့မော့ရသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးသည်လည်း မနေသာတော့ဘဲ သူ့သဘောထားကို ရှင်းပြရသည်။ စင်စစ် ဦးကောင်းမိုး၏ဒဏ်ကို အခံရဆုံးမှာ ဒေါ်ရေနံ့သာခင်ခင်ကြီးသာလျှင်ဖြစ်ရာ သူကိုယ်၌က ယခုအခါ မည်သူ့အပေါ်မှ အာဃာတ မထားတော့ကြောင်း ရှင်းပြလေမှ နန်းကိန္နရီ ကျေနပ်သွားသည်။ အိမ်ပေါ်မှ မဆင်းဖြစ်တော့။ ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ဒေါ်ခေမာ၏ အလောင်းကို လှလှပပ သင်္ဂြိုဟ်နိုင်ရန် စီမံပေးခြင်းဖြင့် သဘောထားကြီးကြောင်း ပြသရသည်။

သို့နှယ်ဖြင့် ယခုတော့လည်း အစစအရာရာ နေသားတကျ ရှိခဲ့ရလေပြီ။ အခက်အခဲတို့ကို ကျော်လွှားနိုင်ခဲ့လေပြီ။ သည်လိုအခါမျိုးကျတော့လည်း ဘဝဟူသည်မှာ ချမ်းမြေ့ဖွယ်အကောင်း သားပါကလား။

စင်စစ်တွင်လည်း အမိဝမ်းမှကျွတ်၍ လူ့လောကအလယ်သို့ အူဝဲဟူသော မြည်တမ်းသံဖြင့် ဝင်လာခဲ့ပြီး နောက်ဆုံးထွက်သက်လေကို ရှိုက်ထုတ်ရသည့် အဆစ်အပိုင်းကို ဘဝဟု လူတို့ ဆိုစမှတ်ပြုကြသည်။ ယင်းအဆစ်အပိုင်းအတွင်း၌ ကျင်လည်လှုပ်ရှား နေရစဉ်အတွင်း မည်သို့သော လူတစ်ဦးတစ်ယောက်မျှ ထာဝရ ဘဝရေငြိမ်နှင့် တွေ့ဆုံနေရမည် မဟုတ်။ အစဉ် ရယ်မောပျော်ရွှင်နေသူဟူ၍လည်း မရှိနိုင်။ ထိုနည်းတူပင် မည်သူမဆို ထာဝရ မုန်တိုင်းနှင့် အဖော်သဟဲပြုနေရမည်ဟု သတ်မှတ်ချက်မရှိ။ အစဉ် ငိုကြွေးရှိုက်မက်နေရမည်ဟူ၍လည်း ပြဋ္ဌာန်းထားခြင်း မရှိနိုင်ပေ။

နွေတစ်လီ၊ ဆောင်းတစ်လှည့်၊ မိုးတစ်ခါ အပြောင်းအလှည့် ကြုံဆုံရဘိသည်သို့ လူ့ဘဝရာသီဥတုတို့သည်လည်း ငိုတစ်လှည့်၊ ပြုံးတစ်လီ၊ ရယ်တစ်ခါဖြင့် အကြောင်းအလှည့် ကြုံရတတ်မြဲပင် ဖြစ်သည်။ ယင်းတို့ကို ကြုံဆုံရလေမှလည်း ပြည့်စုံသော "ဘဝ" ဖြစ်ပေလိမ့်မည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ပြတင်းမှ ခွာလိုက်သည်။ အမှောင်သည် လုံးလုံးလျားလျား ဖုံးလွှမ်းလာလေပြီ။ သစ်ရွက်ခြောက် မီးသည်လည်း ငြိမ်းခဲ့ပြီ။ ရေနံ့သာသည် တိတ်ဆိတ်ငြိမ်သက်ခြင်း၏ စိုးမိုးမှုကို ခံရစပြုသည်။

ရုတ်တရက်ဆိုသလို အဝေးမှ လျှပ်ပြက်လိုက်သည်ကို တွေ့ရသည်။ မိုးချုန်းသံကို ကြားရသည်။ မကြာမြင့်မီ သင်္ကြန်လက်ဆေးမိုး ရွာလာလိမ့်မည် ထင်ရသည်။

အိုမင်းသော နွေ၏နိဂုံးကား မလွဲမသွေ ရောက်ရှိလာချေတော့မည်။

ပျိုမျစ်သော မိုးနိဒါန်းသည် အားမာန်အပြည့်အဝကို ဆောင်ယူရောက်ရှိလာကာ လောကအား အသစ်တစ်ဖန် အလှတန်ဆာဆင်ပေလိမ့်ဦးမည်ပါတကား။

**ပြီးပါပြီ။**

x x x x x

**"အမိဝမ်းမှကျွတ်၍ လူ့လောကအလယ်သို့ အူဝဲဟူသော မြည်တမ်းသံဖြင့် ဝင်လာခဲ့ပြီး နောက်ဆုံးထွက်သက်လေကို ရှိုက်ထုတ်ရသည့် အဆစ်အပိုင်းကို ဘဝဟု လူတို့ ဆိုစမှတ်ပြုကြသည်။ ယင်းအဆစ်အပိုင်းအတွင်း၌ ကျင်လည်လှုပ်ရှား နေရစဉ်အတွင်း မည်သို့သော လူတစ်ဦးတစ်ယောက်မျှ ထာဝရ ဘဝရေငြိမ်နှင့် တွေ့ဆုံနေရမည်မဟုတ်။ အစဉ် ရယ်မောပျော်ရွှင်နေသူဟူ၍လည်း မရှိနိုင်။ ထိုနည်းတူပင် မည်သူမဆို ထာဝရမုန်တိုင်းနှင့် အဖော်သဟဲ ပြုနေရမည်ဟု သတ်မှတ်ချက်မရှိ။ အစဉ် ငိုကြွေးရှိုက်မက်နေရမည်ဟူ၍လည်း ပြဋ္ဌာန်းထားခြင်း မရှိနိုင်ပေ။ နွေတစ်လီ၊ ဆောင်းတစ်လှည့်၊ မိုးတစ်ခါ အပြောင်းအလှည့် ကြုံဆုံရဘိသည်သို့ လူ့ဘဝ ရာသီဥတုတို့သည်လည်း ငိုတစ်လှည့်၊ ပြုံးတစ်လီ၊ ရယ်တစ်ခါဖြင့် အကြောင်းအလှည့် ကြုံရတတ်မြဲပင် ဖြစ်သည်။ ယင်းတို့ကို ကြုံဆုံရလေမှလည်း ပြည့်စုံသော "ဘဝ" ဖြစ်ပေလိမ့်မည်။"**

# သိရုံအသိမှ ပညာဉာဏ်အရှိဆီသို့

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ



(၁၀-၈-၂၀၂၂ ရက်နေ့မှအဆက်)

"ဒကာကြီး၊ အဲဒါတွေက ဘာတွေတုံး"

"ဟာ.. အဲဒါ တရားအားထုတ်နည်းတွေလေ၊ အရှင်ဘုရားလည်း သိလျက်သားနဲ့ တပည့်တော်ကို မေးနေရသေးတယ်"

"မေးရမယ်လေ၊ ဒကာကြီးက အဲဒါတွေကို တရားအားထုတ်နည်းလို့ ပြောတယ်။ အဲဒါတွေကို သိချင်တယ်တဲ့။ နောက်ပြီး ကိုယ်အားထုတ်ချင်တာက သီးခြားအချိန်မပေးဘဲ အားထုတ်လို့ရတဲ့ နည်းနဲ့ အားထုတ်ချင်တာဆို"

"ဩော်.. ဟုတ်သားပဲ။ တပည့်တော်မေ့သွားလို့ပါ။ တပည့်တော်က 'တရားအားထုတ်ကြရင် အသက် ရှူသွင်း၊ ရှူထုတ်ကို စပြီး အားထုတ်ရတယ်။ ထိုင်ပြီး အားထုတ်ရတယ်။ မျက်စိမှိတ်ရတယ်။ အဲဒီလိုစပြီး အားထုတ်မှ ဝိပဿနာလို့ ပြောတာ ကြားဖူးလို့ပါဘုရား"

"အဲဒါတွေက တရားအားထုတ်နည်းလို့ ပြောရင်တော့ ရပါတယ်။ ဒါပေမဲ့ ဝိပဿနာလို့တော့ တစ်ခုတည်း မပြောပါနဲ့။ အာနာပါနခေါ်တဲ့ အသက် ရှူသွင်း၊ ရှူထုတ် အားထုတ်တဲ့နည်းက သမထနည်းလည်းရှိတယ်။ ဝိပဿနာနည်းလည်း ရှိပါတယ်"

"ဩော်... ဟုတ်သလားဘုရား"

"နောက်ပြီး တရားအားထုတ်နည်းတွေက ဝိပဿနာအတွက် ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်တွေထဲမှာ အများကြီးရှိကြပါတယ်။ အာနာပါနကမ္မဋ္ဌာန်းနည်းက သီးခြားတစ်သုတ်အနေနဲ့ ဟောထားသလို မဟာသတိပဋ္ဌာန်သုတ္တန်ကြီးမှာလည်း ဟောပါတယ်"

"မှန်ပါဘုရား။ အဲဒီ အာနာပါနက ဘုရားရှင်တိုင်း အားထုတ်ကြတယ်ဆို၊ နောက်ပြီးလူတိုင်းနဲ့ ဒီတရားအားထုတ်နည်းနဲ့ ကိုက်ညီတယ်ဆို၊ ဟုတ်သလားဘုရား"

"ဘုရားရှင်တိုင်း အားထုတ်ခဲ့ကြတယ်ဆိုတာ ဟုတ်ပါတယ်။ ဘာလို့လဲဆိုရင် ဒီကမ္မဋ္ဌာန်း တစ်ခုတည်းကို အကြောင်းပြုပြီး အကျင့်စရဏာဈာန်တွေလည်းရနိုင်လို့၊ ဝိပဿနာအသိဝိဇ္ဇာတွေလည်း ရနိုင်လို့၊ အသိဉာဏ်တွေလည်းရနိုင်လို့ အားထုတ်တော်မူခဲ့ကြတာပါ"

"လူတိုင်းနဲ့ ကိုက်ညီတယ်ဆိုတာကတော့ မဟုတ်ပါဘူး။ သီးခြားသပ္ပါယမျှပြီး လျင်လျင်မြန်မြန် တရားထူးရဖို့ဆိုတာ လူတိုင်းနဲ့တော့ မသင့်လျော်ပါဘူး။ စရိုက် အားလျော်စွာ သတိဉာဏ်အား၊ တဏှာဒိဋ္ဌိအားတွေအပေါ် မူတည်ပါတယ်"

"အဲ.. ဒါပေမဲ့ ဘယ်ကမ္မဋ္ဌာန်းပဲဖြစ်ဖြစ် ကောင်းတဲ့ သတ္တိတွေကို တိုးပွားစေပြီး မကောင်းတဲ့ ခတ်ဆိုးတွေကိုတော့ လျော့ပါးစေနိုင်ကြတာ ချည်းပါပဲ"

"အခုပဲကြည့်လေ၊ ဒကာကြီးက အချိန်သီးခြား မပေးဘဲ အားထုတ်တဲ့နည်းကို လိုချင်တာဆို၊ ထိုင်ပြီး အားထုတ်မှရမယ်ဆိုရင် အဲဒီနည်းအတွက် အချိန်သီးခြားပေးရမယ်လေ။ နေရာလည်း ရွေးပြီး ထိုင်ရတာဆိုတော့ နေရာလည်း သီးခြားပေးရမယ်လေ။ တခြားအလုပ်တွေ အားလပ်မှ၊ ဒါမှမဟုတ် နားမှ အားထုတ်ရမှာဆိုတော့ အလုပ်လည်း သီးခြားရပ်ပေး၊ နားပေးရတယ်လေ။ လျောင်း၊ ထိုင်၊ ရပ်၊ သွား အမူအရာတွေကိုလည်း ထိုင်တာတစ်ခုတည်း အမူအရာရွေးရတယ်လေ"

"ကဲ.. အဲဒီနည်းက အားထုတ်ဖို့ သီးခြားအချိန်၊ နေရာ၊ အလုပ်၊ ဣရိယာပုတ်တွေ ပေးနေရတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား။ အဲဒီလိုဆိုရင် တပည့်တော်တို့ နိစ္စဓူဝအလုပ်လုပ်၊ အလုပ်ရှုပ်နေကြတဲ့ သူတွေအတွက် အဆင်ပြေဖို့ သိပ်မလွယ်ဘူးထင်ပါတယ်ဘုရား"

"ဒကာကြီးက အချိန်သီးခြားမပေးရဘဲ အားထုတ်တဲ့နည်းကို လိုချင်တယ်ဆို"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီနည်းကိုစောစောကလည်း ပြောခဲ့ပြီးပြီပဲ။ တရားအားထုတ်နည်းက ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဆိုတဲ့ အာရုံတွေကို တွေ့အောင်၊ မြင်အောင်၊ သေချာသိအောင် ကြည့်တဲ့နည်းတွေပါပဲ"

"အာနာပါနဆိုတာ ကာယထဲမှာပါတယ်။ ကာယတစ်ဆယ့်လေးမျိုးထဲက တစ်မျိုးပေါ့။ ကာယထဲမှာလည်း သွားရင်းလာရင်း၊ စားရင်း သောက်ရင်း၊ ရောင်းရင်းဝယ်ရင်း အားထုတ်လို့ရတဲ့ နည်းတွေရှိပါတယ်။

"ဩော်.. ဟုတ်သလား။ တပည့်တော်က တရားအားထုတ်ရင် ထိုင်၊ ထွက်သက် ဝင်သက်ကို ကြည့်ခါမှ တရားထင်တာပါဘုရား"

"မဟုတ်ဘူး ဒကာကြီး၊ စောစောက ပြောခဲ့တဲ့ "ကဲ ... ဒီလိုဆိုရင် နားထောင်ဆိုတာ မှတ်မိမှာပေါ့"

"မှတ်မိတာပေါ့ ဘုရား"

"အခုရော ကိုယ့်စိတ်ကလေးက စကားပြောတာ နားထောင်နေပုံ၊ ပြောချင်စိတ်တွေဖြစ်ပုံ၊ ပြောလိုက်တဲ့အခါ ဖြစ်ပုံလေးတွေကို သိရင်းနဲ့၊ သတိရှိရင်းနဲ့ ပြောလို့ဆိုလို့ရော မရဘူးလား"

"အဲ.. ဟုတ်သားပဲ။ ဟုတ်သားပဲဆိုတာက ဟုတ်သားပဲပြောလိုက်တဲ့အခါ 'ဟုတ်' ဆိုတာရယ်၊ 'သား' ဆိုတာရယ်၊ 'ပဲ' ဆိုတာရယ် ဒါတွေကို ပြောချင်စိတ်၊ နောက်ပြောလိုက်တာ၊ ပြောလိုက်တဲ့အခါ ပါးစပ်၊ နှုတ်ခမ်း၊ မျက်နှာဆိုတဲ့ နေရာတွေ လောက်ဆီက လှုပ်သလို၊ ရွေ့သလို၊ တင်းသလိုလေး တွေကိုလည်း တွေ့လိုက်နိုင်တာပဲ ဘုရား။ သိလိုက်တာပေါ့ဘုရား"

"ဒကာကြီးက ဉာဏ်ရှိသားပဲ"

(ဆက်လက်ဖော်ပြပါမည်)

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ခန့်တဲ့စိတ်နဲ့ နေပျော်မယ် စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၇)

ဦးမင်းဟန်(ဘီအေ)

"ကိုဦးရေ နင်မနေ့က ကျောင်းမှာကြာဆံကြော် စားတာ ဝခဲ့ရဲ့လား"

"ဝပါတယ်ဟ ။ ဘာလဲ နင်ကမဝလို့လား ပူစူးမ ရဲ့။စားလို့ကောင်းလို့ငါတော့ နှစ်ပန်းကန်ခွဲလောက်ကို စားပစ်လိုက်တာ"

"ငါလည်း သိပ်မကြိုက်ပေမယ့် နှစ်ပန်းကန် လောက်ကို ဆွဲလိုက်တယ်။ ဦးလေးအောင်ဘော်ကြီး က ထပ်ယူဦးမလားလို့မေးပါတယ်။ ဗိုက်က မဆံ့ တော့လို့ ရပ်လိုက်ရတာ။ ပါးစပ်ကတော့ စားချင် နေသေးတယ်"

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦးအပြန်အလှန် ပြောနေကြသည်များကို ဘိုးလေးကြွက်က ရေနွေး ကြမ်းသောက်ရင်း နားစွင့်နေသည်။ သုံးယောက်စလုံး ပြောပြီးမှ ဖြည်းဖြည်းချင်းဝင်ပြောလိုက်သည်။

"မြေးတို့ကျောင်းမှာ စားခဲ့ရတာလား"

"ဟုတ်ပါတယ် ဘိုးလေး၊ ကျောင်းမှာ အာဟာရ ကျွေးလို့လေ။ အဲဒီနေ့မတိုင်ခင်ကတည်းက ကြိုပြော ထားတယ်။ ထမင်းဘူးယူလာစရာ မလိုဘူးလို့။ ကျောင်းမှာ နေ့လယ်စာကျွေးမယ်လို့ ဆရာမတွေက တစ်ခါတည်း မှာလိုက်တာဘိုးလေးရဲ့"

"လှူဒါန်းပေးတဲ့အလှူရှင် ကျောင်းသား၊ ဒါမှ မဟုတ် ကျောင်းသူရဲ့အမည်ကိုလည်း ကြေညာ ပေးထားသေးတယ်။ ဒီလထဲမှာ လှူဒါန်းသူရှိတဲ့ ရက်တိုင်းကျွေးတာ။ မြေးတို့ သုံးယောက်လည်း မုန့်ဖိုး ရတဲ့အထဲကနေ စုထားတဲ့ငွေလေးနဲ့ ကျွေးရင်ကောင်း မလားလို့ ဘိုးလေးရဲ့"

"ကောင်းတာပေါ့ မောင်ထူးရ။ ဘိုးလေးလည်း အလှူထည့်ဝင်ပေးမယ်လေ။ မြေးတို့ လှူဒါန်းဖြစ် အောင်ပေါ့ကွာ။ လုပ်ပါ၊ ကောင်းပါတယ်။ အာဟာရ သီတင်းပတ် ဆိုတာမျိုးပေါ့။ အာဟာရရှိတဲ့ အစား အစာတွေကို ကျောင်းသား ကျောင်းသူတွေကို ကျွေးမွေးတဲ့ သီတင်းပတ်လို့ ဆိုရမှာပေါ့ကွယ်။ ခုလိုမြေးတို့အနေနဲ့ အများအကျိုးရှိမယ့် ကိစ္စတွေကို စိတ်ဝင်စားလာတယ်ဆိုတာ စိတ်ပိုင်းဆိုင်ရာ တိုးတက် မှုရှိလာတဲ့ သဘောလေ။ ကလေးတွေဆိုပေမယ့် ကျောင်းမှာ လုပ်ဆောင်နေကြတဲ့ မြေးတို့အရွယ် အလိုက် သိလာရတဲ့ ပတ်ဝန်းကျင်က အတွေ့အကြုံ တွေ အသိအမြင်တွေကို မြေးတို့ သတိထားတတ်လာ တယ်။ ပူးပေါင်းပါဝင်လိုစိတ် ဖြစ်ပေါ်လာတယ်၊ ဝန်းရံလိုတဲ့စိတ်တွေ ဖြစ်လာတယ်ဆိုကတည်းက မြေးတို့ဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ပရဟိတစိတ်တွေ မွေ့ဝေလိုတဲ့စိတ်တွေအဖြစ်နဲ့ ကိုယ်နိုင်သလောက် ကိုတတ်နိုင်တဲ့ဘက်ကနေပါဝင်ပေးချင်တဲ့ အသိစိတ် တွေ နိုးကြွလာတဲ့ သဘောပေါ့ကွယ်"

"ဟုတ်ကဲ့ပါ။ ဘိုးလေးလည်းပါဝင်ပေးတယ် ဆိုရင် ဝမ်းသာရမှာပေါ့။ ကျောင်းမှာ ကျွေးတဲ့နေ့ဆိုရင် ဘိုးလေးလာကြည့်ပါလား။ ကိုယ်တိုင်မြင်ရတော့ ပိုကောင်းတာပေါ့။ ဟုတ်တယ်နော် ကိုဦး"

ပူစူးမက ကိုဦးကိုပါ စကားဝိုင်းထဲ ဆွဲသွင်းလိုက် သည်။ ကိုဦးက တစ်ခွန်းမျှ ပြန်မပြောခင် မောင်ထူးက ဝင်ပြောသည်။

"ဟုတ်တယ်၊ ဘိုးလေးလည်း သဒ္ဓါစိတ်တွေ ပိုလာနိုင်တာပေါ့။ အဲဒီနေ့မှာ မြေးတို့က ဆရာ ဆရာမ တွေကို ဝိုင်းဝန်းကူညီကြမှာ။ ပန်းကန်တွေ သယ်ပေး တာတို့၊ အတန်းထဲမှာ လိုအပ်တာမှန်သမျှကို လိုက်လုပ် ပေးတာမျိုးပေါ့ ဘိုးလေးရယ်။ အဲဒီနေ့ အလှည့်ကျတဲ့ ကျောင်းကောင်စီအသင်းဝင်တွေကလည်း စာသင် ခန်းအတွင်း သန့်ရှင်းရေးလုပ်တာတို့ ရေဘူးတွေရှိ၊ မရှိစစ်ဆေးပြီး ကုန်နေတဲ့ရေဘူးနေရာတွေမှာ ရေဘူး အသစ်တင်ပေးတာတွေ အဖွဲ့လိုက်စုပေါင်း လုပ်ရတာ ပေါ့။ အများနဲ့ဆိုတော့ မြေးတို့အတွက်တော့ ပျော်စရာ ကောင်းပါတယ်"

"ဟာ၊ မောင်ထူးတောင် စကားတွေအတော်လေး တတ်လာပါလား။ အတော်ကို တိုးတက်လာတာပဲ။ ဒါဟာဘာလဲဆိုတော့ ကျောင်းတက်ခြင်းရဲ့အကျိုး ကျေးဇူးပဲ။ စာသင်ခန်းထဲကို ရောက်ရှိနေခြင်းရဲ့ အသီးအပွင့်လို့ ပြောလို့ရတယ်။ စာသင်ခန်းထဲ ရောက်နေတဲ့ကလေးဟာ ကျောင်းပတ်ဝန်းကျင်ရဲ့ အထိအတွေ့တွေကြောင့် ပေါင်းသင်းဆက်ဆံရေး၊ စကားပြောဆိုမှု၊ နားလည်သိတတ်မှု၊ အချင်းချင်း သည်းခံနိုင်မှု၊ စည်းကမ်းလိုက်နာမှု၊ သင်ယူလိုချင်မှု၊ ရိုင်းပင်းကူညီတတ်မှု၊ အချင်းချင်းမျှဝေခံစားတတ်မှု၊ တတ်မြောက်သိနားလည်လိုမှု ဆိုတာတွေကို တစ်နေရာတည်းမှာ အလိုလိုလေ့ကျင့်ပြီးသားကို ဖြစ်နေရောလေ။ တန်ဖိုးမဖြတ်နိုင်တဲ့ စာသင်ခန်း ယဉ်ကျေးမှုတွေကနေ ရရှိနေတာဖြစ်တယ်။ မြေးတို့ပဲ စဉ်းစားကြည့်လေ၊ ကျောင်းစဖွင့်တဲ့ ဇွန်လဆန်း အချိန်နဲ့ အခုဩဂုတ်အချိန်နဲ့ ကျောင်းသွားရတာ၊ စာသင်ခန်းထဲမှာ စာသင်ရတာ၊ သူငယ်ချင်းအပေါင်း အသင်းတွေနဲ့ ဆက်ဆံပေါင်းသင်းရတာ နှစ်လ၊ သုံးလတာအချိန်ကို ရောက်လာတော့ ပိုပြီးချစ်ခင် သံယောဇဉ်ဖြစ်လာမယ်။ အရင်ကထက် စာသင်ခန်း ထဲမှာ စည်းစည်းပိုင်ပိုင်ဖြစ်လာတယ်ဆိုပါတော့၊ ပြောရရင်တော့ ကျောင်းသွားရတာ၊ ကျောင်းတက် ရတာကိုက ပိုပြီး ပျော်ရွှင်လာတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘိုးလေး။ အမှန်ပါပဲ။ ကျောင်းသွား ရတာကိုက အရင်ထက်ပိုပြီး ပျော်ရွှင်လာတော့တာ။ သူငယ်ချင်းတွေနဲ့ တွေ့ရမယ်၊ ဆော့ကစားရတော့ မယ်၊ စာအတူတူအော်ဆိုရတော့မယ်ဆိုတဲ့အတွေးက ကျောင်းပိတ်ရက်ရောက်မှာကို မလိုလားတော့တာ။ ကျောင်းပိတ်ရင်ကို ပျင်းနေတော့တာ"

"ငါကတော့ ကျောင်းပိတ်လည်း ပျော်တာပဲ"

ပူးစူးမ၏စကားကို မောင်ထူးကဝင်ပြောလိုက် ရာ ပူစူးမက မျက်စောင်းခဲရင်း မကျေမချမ်းဖြင့် ပြန်ပြောသည်။

"ဟဲ့မောင်ထူး၊ နင်ကတော့ ဟုတ်မှာပေါ့။ နင်က ငပျင်းဟာကို။ ကျောင်းပိတ်ရက်ဆို နင်က ရွာရိုး ကိုးပေါက်သွားပြီး ဆော့ကစားချင်တာကိုး၊ ကျောင်း ပိတ်ရက်ကို စောင့်နေမှာပေါ့"

"ကျောင်းတက်ရက်တွေလည်း ပျော်တာပါပဲဟာ"

"နင်ပျော်တာ ငါသိပါတယ် မောင်ထူးရာ၊ ကျောင်းကိုစောစောသွားပြီး ဘောလုံးကန်ချင်တာ မဟုတ်လား၊ ကျောင်းကောင်စီအသင်း အလှည့်ကျရင်တောင် အဖွဲ့လိုက်စုပေါင်းလုပ်ဆောင်ဖို့ကို မနည်းပြောနေရတဲ့ဟာများ မသိရင်ခက်ဦးမယ်"

ပူစူးမနှင့် မောင်ထူးတို့ ပြောဆိုနေကြသည် များကို ဘိုးလေးကြွက်က ပြုံးပြီးနားထောင်နေသည်။ ကိုဦးက ဘိုးလေးကြွက်ပြောလိုက်သည့် ကျောင်းတက် ခြင်း၏ အကျိုးကျေးဇူး၊ ကျောင်းစာသင်ခန်းအတွင်း ရောက်ရှိလာခြင်း၏ အသီးအပွင့်အကြောင်းတို့ကို မှတ်စုစာအုပ်တွင်ရေးမှတ်နေရာ တကုတ်ကုတ်ဖြင့် အလုပ်ရှုပ်နေ၏။

"မြေးတို့အားလုံး ကျောင်းဖွင့်ရာသီအစကနေ ဒီ နှစ်လ၊ သုံးလအတွင်းမှာကို မြေးတို့ရဲ့ စိတ်ရော ကိုယ်ရော၊ စကားပြောရာမှာရော၊ လူမှုဆက်ဆံရေးမှာ ရော အတော်လေးတိုးတက်ကောင်းမွန်လာတာ တွေ့ရ လို့၊ ဘိုးလေးဝမ်းသာတယ်။ ကျောင်းနေပျော်မှ စာတော် မယ်ဆိုတဲ့စကားရှိတယ်။ မြေးတို့က ကျောင်းနေပျော် ကြတော့ စာတော်ရုံတင်မကတော့ဘူး၊ လူမှုပတ်ဝန်း ကျင်ဆက်ဆံရေးကိစ္စတွေမှာပါ တော်လာတယ်။ တတ်လာတယ်လို့ ပြောလို့ရတယ်။ လိမ္မာယဉ်ကျေး မှုလည်း ပိုရှိလာတယ်။ မြေးတို့အနေနဲ့ စာသင်ခန်း ယဉ်ကျေးမှုကို ဒီထက်ဒီထက်ပိုပြီး ဂရုစိုက်လိုက်နာ နိုင်ကြဖို့ပဲ ဘိုးလေးကတိုက်တွန်းချင်တာ"

"ဟုတ်ကဲ့ဘိုးလေး၊ မြေးတို့ ပိုပြီးလိုက်နာပါ့မယ် ဆိုတာ ကတိပေးပါတယ်"

"အေးကွယ်- သာဓု၊ သာဓု၊ သာဓု ခေါ်ပါ တယ်"။ ။

# ပါရမီဆယ်ပါးမင်္ဂလာ

သုတေသီ ဦးသိမ်းဇံ

**သီလပါရမီ**
**သီလခြုံလို့ဆုံရပြီ**

"တပည့်တွေထဲက သင့်တော်တဲ့ တစ်ယောက်ယောက်ကို သမီးနဲ့လက်ထပ်ပေးမယ်"

ဒိသာပါမောက္ခဆရာကြီးရဲ့ စကားကြောင့် စာသင်ဆောင်တစ်ခုလုံးရှိ ကျောင်းသားထုအားလုံးဟာ တီးတိုးတီးတိုး သဖန်းပိုးဖြစ်သွားကြတယ်။

ဆရာကြီးက တပည့်တွေထဲက သင့်တော်တဲ့ တစ်ယောက်ယောက်လို့ ဆိုလိုက်တာကြောင့် မင်းညီမင်းသား၊ သူဌေးသား၊ ဆွေကြီးမျိုးကြီးအုပ်စု တချို့က ခေါင်းမော့ရင်ကော့ကာ ဆရာကြီးရွေးချယ်မယ့် သမီးရဲ့ကြင်ဖက် ဖြစ်နိုင်တယ်ဆိုတဲ့အတွေးနဲ့ ဝင့်ကြွားနေကြလေရဲ့။

"တို့လို အမျိုးမြတ်ပညာတတ် အသိုင်းအဝိုင်းကသူတွေသာ ဆရာကြီးသမီးနဲ့ထိုက်တန်ပေတယ်"

ပုဏ္ဏားလုလင် ကျောင်းသားအချို့ကလည်း အတွေးနဲ့တီးတိုးဆိုကာ ရှုစ်ရှုစ်ဖြစ်နေကြတယ်။

ဒိသာပါမောက္ခဆရာကြီးကတော့ တပည့်တွေရဲ့ မျက်နှာတွေကိုကြည့်လိုက်ရင်း အဓိပ္ပာယ်ပါတဲ့အပြုံးနဲ့ ပြုံးနေလေရဲ့။ ပြီးတော့မှ ဖြည်းဖြည်းချင်းစကားဆက်ပြောလိုက်တယ်။

"အေးကွယ်၊ သင့်တော်တဲ့တပည့်ကို ရွေးဖို့စဉ်းစားတဲ့အခါ တပည့်တွေဟာ ရာထူးဂုဏ်ရှိတဲ့သူ၊ စည်းစိမ်ဥစ္စာနဲ့ပြည့်စုံတဲ့သူ၊ အမျိုးအနွယ်မြင့်မြတ်တဲ့သူ၊ အသိုင်းအဝိုင်းအားဖြင့် ကြီးမြင့်တဲ့သူတွေရဲ့ မိသားစုဝင်တွေ ဖြစ်နေကြတာပါပဲ။ ပညာအရာမှာလည်း ဆရာ့တပည့်တွေဖြစ်လို့ သိသိသာသာကွာခြားမှုမရှိသလို မူလအခြေအနေတွေကလည်း သိပ်မကွာခြားကြပါဘူး၊ ဒီတော့ ဆရာကြီးကိုယ်တိုင်လည်း ဝေခွဲရခက်နေရတယ်"

ဆရာကြီးရဲ့ စကားအဆုံးမှာတော့ ကျောင်းသားတွေအနေနဲ့ ဂုဏ်တုဂုဏ်ပြိုင်စကားတွေ ပြောကြလေတယ်။ အနာဂတ်မှာ ဘုရင်ဖြစ်လာနိုင်တဲ့ မင်းသား၊ မိဘအမွေကိုဆက်ခံရပြီး နောင်တစ်ချိန်မှာ သူဌေးကြီးဘွဲ့ခံယူမယ့် ကျောင်းသား၊ ပညာအရာမှာ ထိပ်တန်းအဆင့်ကို ရောက်လာမယ့် ပညာတတ်အသိုင်းအဝိုင်း ကျောင်းသား အားလုံးသောတပည့်တွေဟာ အမျိုးမြင့်မြတ်ရာ မိသားစုဝင်တွေ ဖြစ်နေလေတော့ သူ့ထက်ငါ ဂုဏ်ပကာသနတွေနဲ့ ပြိုင်ဆိုင်ဝင့်ကြွားကာ ဆရာကြီးသမီးကို ဘယ်ရွှေ့ဘယ်မျှ တင်တောင်းမယ်ရယ်လို့ ပြောဆိုနေကြတာ မဆန်းပေမယ့် စိတ်ရင်းနဲ့ အကျင့်သီလကောင်းတဲ့ တပည့်က ဘယ်သူဖြစ်လေမလဲဆိုတာ အရင်ရွေးချယ်ဖို့ ဒိသာပါမောက္ခဆရာကြီးက တွေးကြံကာ စကားတစ်ခွန်းပြောလေတယ်။

"တပည့်တို့ ကျုပ်သမီးဖြစ်တဲ့ ရူပကလျာအပေါ်မှာ စေတနာရှိကြတာ ကျုပ်နားလည်ပါတယ်။ ဒီလို သွေးဆောင်စကားတွေက အမောင်တို့မိဘတွေကြားသိရင် မသင့်တော်ပါဘူး။ ဒီတော့ကာ မိဘတွေဆီကနေ ရတနာပစ္စည်းတစ်ခုခုယူလာကြပေါ့။ မိဘတွေကို ပြောဆိုအသိမပေးဘဲ ယူဆောင်လာရမှာနော်၊ ဒီလိုစွမ်းဆောင်နိုင်တဲ့ သူတွေထဲကမှ တစ်ဦးကို သမီးနဲ့လက်ဆက်ပေးမယ်၊ အမောင်တို့ သဘောပေါက်ပါတယ်နော်"

"သဘောပေါက်ပါတယ် ဆရာကြီး"

ဒိသာပါမောက္ခဆရာကြီးရဲ့ တပည့်တွေဟာ ပျော်ရွှင်မြူးထူးသွားကြတယ်။ လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေတဲ့ ချောမောလှပသူ ဆရာကြီးရဲ့သမီး ရူပကလျာကိုလည်း ခက်ခက်ခဲခဲမကြိုးစားရတော့ဘဲ ရယူပိုင်ဆိုင်နိုင်မယ့် အခွင့်အရေးဖြစ်လို့ ကျောင်းသားတိုင်းဟာ အဖိုးထိုက်တန်တဲ့ မိဘပိုင်ရတနာပစ္စည်းတို့ကို တိတ်တဆိတ်ယူဆောင်လာကြဖို့ မိမိတို့နေထိုင်ရာ အိမ်တွေဆီကို ဒုန်းစိုင်းပြန်ကြတော့တာပေါ့ကွယ်။

သတ်မှတ်ထားတဲ့ ရက်အတိုင်း ကျောင်းသားတွေဟာ မိမိတို့နေအိမ်အသီးသီးကနေ တန်ကြေးရှိတဲ့ ရတနာတွေကို မိဘတွေမသိအောင် ခိုးဝှက်ယူဆောင်လာကြတယ်။

"ဆရာကြီး ဒါကတော့ ကျွန်တော်မျိုးဘိုးဘွားပိုင် ပြည်တန်ပတ္တမြားကြီးပါခင်ဗျာ"

"ဟဲ့ အမောင်မင်းသား၊ မိဘတွေကို အသိပေးခဲ့သေးလား၊ တန်ဖိုးကြီးလွန်းပါတယ်ကွယ်"

"မိဘတွေမသိအောင် ခိုးလာတာပါ ဆရာကြီး၊ အားလုံးထက်တန်ဖိုးပိုကြီးမှ ရူပကလျာနဲ့ လက်ဆက်ခွင့်ရနိုင်မှာမို့ ခက်ခက်ခဲခဲ ကြိုးစားလာရတာပါ"

ဒီလိုနဲ့ တပည့်ဖြစ်သူတွေက မသင့်တဲ့နေရာမှာ သူ့ထက်ငါလူစွမ်းကောင်းဖြစ်ချင်ကြတာကို တွေ့ရလို့ ဒိသာပါမောက္ခဆရာကြီးလည်း ခေါင်းတဆတ်ဆတ်ညိတ်ရင်း လူသားတွေဟာ ပညာဘယ်လောက်ပဲတတ်တတ် လောဘတစ်ခုခု လွှမ်းမိုးမိရင် အတ္တကိုရှေ့တန်းတင်ကာ သင့်၊ မသင့် စဉ်းစားဉာဏ်နည်းတတ်တာပါလားလို့ သတိသံဝေဂပွားများနေမိတော့တယ်။

"ဆရာကြီး ဝင်ခွင့်ပြုပါခင်ဗျာ"

တပည့်အားလုံးဟာ သီလချိုးဖောက်ပြီး ခိုးဝှက်ယူဆောင်လာကြတာဖြစ်လို့ ဒီအထဲကပဲ သမီးနဲ့ လက်ဆက်ပေးရမယ့်အရေး ဆရာကြီးက စိတ်လေးနေလေရဲ့။ တပည့်တွေရဲ့ ရတနာထုပ်တွေကို တစ်ဦးချင်း အမည်တပ်ကာ သေချာစွာ ထုပ်ပိုးသိမ်းဆည်းနေစဉ်မှာပင် နောက်ကျမှရောက်လာတဲ့ တပည့်ဖြစ်သူရဲ့စကားသံကြောင့် ဒီတပည့်ကတော့ တစ်မူထူးခြားတဲ့ တပည့်ဖြစ်လောက်တယ်ဆိုတာ သတိထားလိုက်မိတယ်။

"လာလေကွယ်၊ မောင်ရင် နောက်အကျဆုံးပဲ၊ ဘာပစ္စည်းများပါလာသလဲကွယ့်" "ဘာပစ္စည်းမှမပါပါဘူးဆရာကြီး"

"ဟေ ဟုတ်လား။ ဒါဆို မောင်ရင်က ကျုပ်သမီးကို မမြတ်နိုးလို့လား၊ မလိုလားလို့များလား"

"ဆရာကြီးရဲ့သမီး နှမတော် ရူပကလျာကို ကျွန်တော်မြတ်နိုးပါတယ်။ မြတ်နိုးရုံတင်မကဘဲ တန်ဖိုးထားလွန်းလို့ပါ။ ဒါပေမဲ့ ဆရာကြီးရဲ့ ဒီလိုအစီအစဉ်မျိုးကိုတော့ ကျွန်တော်မလုပ်ဆောင်နိုင်ပါဘူးခင်ဗျာ"

"ဆိုပါဦး ဘာအကြောင်းများကြောင့်လဲ"

"မိဘမသိအောင် ခိုးဝှက်ယူတယ်ဆိုတာ ခိုးမှုကျူးလွန်တာပါပဲ။ မိဘတွေရဲ့ သားသမီးအပေါ်ယုံကြည်မှုကို ချိုးဖောက်တာပါပဲ။ မကောင်းမှုတိုင်းဟာ ဆိတ်ကွယ်ရာမရှိပါ ဆရာကြီး၊ မိဘတွေ၊ လူသူတွေ မမြင်ကြပေမယ့် နတ်တွေ၊ သိကြားတွေသိမယ်၊ ကိုယ့်ရဲ့ကိုယ်စောင့်နတ်တွေသိမယ်၊ အဆိုးဆုံးကတော့ ကိုယ့်စိတ်က သိနေမှာပါပဲ။ ဒါကြောင့် ဘာပစ္စည်းမှ ပါမလာရတာပါခင်ဗျာ"

အခြားသော ကျောင်းသားတွေကတော့ လှောင်ပြောင်ရယ်မောကြပေမယ့် ဆရာကြီးက ကျေနပ်ပီတိဖြစ်တဲ့ အမူအရာနဲ့ အားလုံးထဲမှာ အကျင့်သီလကောင်းတဲ့တပည့်ဖြစ်သူရဲ့ ပခုံးကို နှစ်လိုဖွယ်ဖြင့် ပုတ်ခတ်ရင်းပြောလေတယ်။

"တပည့်တို့ သေချာနားထောင်ကြ။ ကျုပ်အိမ်အတွက် လိုအပ်လို့ ခိုးယူခိုင်းတာမဟုတ်ဘူး။ အကျင့်သီလကို စမ်းသပ်ချင်လို့ပြုလုပ်ခိုင်းတာဖြစ်တယ်။ ဒီတပည့်ဟာ အကျင့်သီလကို ကျင့်ကြံစောင့်ထိန်းနိုင်သူဖြစ်တယ်။ အကျင့်သီလကောင်းသူသာ သမီးနဲ့ထိုက်တန်မယ်လို့ယူဆပြီး ဒီလိုစီမံလိုက်ရတာပါပဲ။ တပည့်တို့ရဲ့ ပစ္စည်းတွေကိုလည်း နာမည်နဲ့တကွ ပြန်ပေးအပ်မှာပါ။ တပည့်တို့လည်း ဘဝတစ်လျှောက်မှာ သီလကိုဆောက်တည်ကာ လောဘအတ္တတစ်ခုအတွက် သီလကို မချိုးဖောက်ဘဲ အကျင့်သီလကောင်းသူတွေဖြစ်ကြပါစေကွယ်"

လောဘအတ္တတစ်ခုအတွက် သီလကိုမချိုးဖောက်ဘဲ အကျင့်သီလကို စောင့်ထိန်းနိုင်တဲ့ ဒိသာပါမောက္ခဆရာကြီးရဲ့တပည့်ဖြစ်သူ ဘုရားအလောင်းဟာ ရူပကလျာနဲ့ လက်ဆက်ခွင့်ကို ရရှိတော့သတဲ့ကွယ်။ ။

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ - ဖြာမင်္ဂလာ




**မိမိကိုယ်ကိုနှိမ့်ချရမယ်**
**နိဝါတောစ။**

"ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးနှင့် ချိုကျိုးနွားလား ဒွန်းစဏ္ဍားပမာ မာန်မာနကိုနှိမ့်ချထားခြင်း၊ မာန်မာနမရှိ မိမိကိုယ်ကိုယ် နှိမ့်ချရခြင်း၊ မိမိကိုယ်ကိုယ် နှိမ့်ချရမယ်"လို့ မြန်မာလိုအဓိပ္ပာယ်ရတယ်။

၃၈-ဖြာမင်္ဂလာကဗျာတွေရဲ့ သတ္တမမြောက်ကဗျာဖြစ်တဲ့ "စိတ်ထားရေးမင်္ဂလာငါးပါး" ထဲက နံပါတ်နှစ် မင်္ဂလာတရားပဲဖြစ်တယ်။ သားတို့သမီးတို့၊ မောင်တို့မယ်တို့အတွက် ဘဝတစ်သက်တာ မှတ်သားကြရမယ့် မင်္ဂလာတရားတွေပေါ့ကွယ်။

ဟိုး.. ရှေးရှေးတုန်းအခါက....။

"ဒီလိုအသံပိုင်ရှင်မျိုးက ဥစ္စာများစွာပိုင်ဆိုင်ထားတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အသံပဲ"

မင်းကြီးက ကုမ္ဘဃောသကရဲ့အသံကိုကြားလိုက်ရရုံနဲ့တင် အသံရှင်ရဲ့စွမ်းပကားကို ပြောကြားနိုင်ပေတယ်။ အဲဒီအချိန်ကာလက ဘုရင်မင်းမြတ်တို့ရဲ့ ဉာဏ်ပညာစွမ်းရည်ကြီးမားမှုတွေပဲပေါ့ကွယ်။

အဲဒီနောက်ပိုင်းမှာ ဘုရင့်သမီးတော်နဲ့ နန်းတွင်းသူတို့ဟာ ကုမ္ဘဃောသကလုလင်ရဲ့ အခြေအနေကို စုံစမ်းကြတဲ့အခါ အကြောင်းစုံကိုသိလာရလို့ မင်းကြီးကို လျှောက်တင်လိုက်ကြတယ်။ မင်းကြီးကလည်း ကုမ္ဘဃောသကလုလင်ကို နန်းတွင်းကိုခေါ်ယူကာ မင်းကြီးကို ခစားစေလိုက်တယ်။

"အသင် ကုမ္ဘဃောသက မောင်မင်းဟာ စည်းစိမ်ဥစ္စာကြွယ်ဝချမ်းသာလျက်နဲ့ ဘာကြောင့်များ ဥစ္စာတို့ကို ဖုံးဖိထားရပါသလဲ"

"အရှင်မင်းကြီး ကျွန်တော်မျိုးသည် အမှုလုပ်သာ ဖြစ်ပါတယ်။ စည်းစိမ်ဥစ္စာကြွယ်ဝချမ်းသာမှု မရှိရပါဘူး အရှင်"

"အသင်လုလင် မှန်ကန်သောစကားကို လျှောက်တင်စမ်း၊ အဘယ်အကြောင်းကြောင်းတွေကြောင့် လိမ်ညာပြောဆိုဝံ့ပါသလဲ။ မင်းပြစ်မင်းဒဏ်သင့်မှာ မစိုးရိမ်လေတော့သလား"

မင်းကြီးရဲ့စကားကို ကြားလိုက်ရတဲ့ ကုမ္ဘဃောသကလုလင်ဟာ များစွာစိုးရိမ်ထိတ်လန့်ပြီး အဖြစ်မှန်ကို လျှောက်တင်ရတော့တာပေါ့ကွယ်။

"မှန်လှပါ အရှင်မင်းကြီး၊ ဟုတ်တိုင်းမှန်ရာကို လျှောက်တင်ပါတော့မယ်ဘုရား။ ကျွန်တော်မျိုးမှာ အမှီကောင်းမရှိသေးလို့သာ ယခုလိုဖုံးဖိထားရတာ ဖြစ်ကြောင်းပါအရှင်"

"ဟေ ဒါဆို ငါသည် သင့်ရဲ့မှီခိုအားထားရာ မဖြစ်သင့်လေသလော"

"ကျေးဇူးကြီးလှကြောင်းပါ အရှင်မင်းကြီး၊ အရှင်မင်းမြတ်သည် ကျွန်တော်မျိုးအတွက် မှီခိုအားထားရာ ဖြစ်ခွင့်ပြုခြင်းကြောင့် အတိုင်းမသိကြည်နူးရပါပြီအရှင် ကျွန်တော်မျိုး ဘဝအမှန်အတိုင်းကို သံတော်ဦးတင်ခွင့်ပြုပါဘုရား"

"ကောင်းလေစွ၊ ကောင်းလေစွ"

ကုမ္ဘဃောသကလုလင်ဟာ ဟိုတစ်ချိန်တုန်းက လွန်ခဲ့သည့် ဆယ်နှစ်ကျော်ကာလဖြစ်စဉ်တို့ကို လျှောက်တင်လိုက်လေတော့တယ်။

"ချစ်သားရေ ငါတို့ကိုမငဲ့ဘဲ ဒီအရပ်ကနေ အမြန်ထွက်ခွာသွားပေတော့၊ ကပ်ရောဂါတွေ ပပျောက်သွားတဲ့ တစ်နေ့မှာ ပြန်လာပြီး အဘတို့ မြှုပ်ထားတဲ့ငွေ ကုဋေလေးဆယ်ကို ဖော်ထုတ်ပြီး ဘဝကို ဆက်လက်လျှောက်လှမ်းပေတော့"

ကုမ္ဘဃောသကလုလင်တို့မိသားစုနေထိုင်ရာ ရာဇဂြိုဟ်ပြည်မှာ ကပ်ရောဂါကြီးကျရောက်နေတဲ့ ကာလမို့ မိဘနှစ်ပါးရဲ့ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝတဲ့ အမွေကို ဆက်လက်ထိန်းကျောင်းနိုင်ဖို့ တစ်ဦးတည်းသောသားဖြစ်သူကို ကပ်ရောဂါမရှိတဲ့ အရပ်တစ်ပါးကို ရှောင်တိမ်းနေထိုင်ဖို့ ပြောရှာတာဖြစ်တယ်။ သားဖြစ်သူကလည်း မိဘနှစ်ပါးကို ကပ်ရောဂါထူပြောတဲ့အရပ်မှာ မထားခဲ့ရက်ဘူးပေါ့ကွယ်။

"သွားတော့ ချစ်သားရေ သွားပါတော့၊ မိမွေဖမွေကို သားသမီးဆိုတာ ထိန်းကျောင်းရမယ့် ဝတ္တရားရှိတယ်။ ဒါကြောင့် ချစ်သားဘေးကင်းရာကို သွားပါတော့၊ ရောဂါတွေမရှိတဲ့တစ်နေ့မှာ ပြန်လာပြီး မိဘတို့ထားရစ်ခဲ့တဲ့ အမွေကိုတူးဖော်ကာ အသက်ထက်ဆုံး ထိန်းသိမ်းသုံးစွဲသွားပေတော့"

ကုမ္ဘဃောသကလုလင်ဟာ မိဘနှစ်ပါးကို ရှိခိုးပြီး သေဘေးမှဝေးရာအရပ်ကို ထွက်လာလိုက်တာ သင့်ရာအရပ်မှာ တစ်ဆယ့်နှစ်နှစ်တိုင် နေထိုင်ပြီးနောက် အမိအဘတို့ခေါင်းချရာ အရပ်ကိုပြန်လာရာ အနီးဝန်းကျင်က ကုမ္ဘဃောသကကို ဘယ်သူကမှ မမှတ်မိကြတော့ဘူးပေါ့။

"ဒီလိုအချိန်မှာ အမွေတွေကိုတူးဖော်လိုက်ရင် မိရင်းဖရင်းတို့ပစ္စည်းလို့ မည်သူမျှထင်မည်မဟုတ်။ သူတစ်ပါးပစ္စည်းကို တူးဖော်ခိုးယူသည်ဆိုကာ ဝိုင်းဝန်းဖမ်းဆီးနိုင်လို့ ဒီအချိန်မှာ အခစားအလုပ်တစ်ခုခုလုပ်ရင်း အမှီကောင်းရမှသာ ထုတ်ယူသုံးစွဲမှပါပဲဆိုတဲ့အတွေးနဲ့ အခစားအဖြစ်အလုပ်လုပ်နေပြီး အရှင်မင်းကြီးနှင့် ဆုံတွေ့ရတာပါပဲအရှင်၊ အရှင်မင်းကြီးအား ဖုံးဖိထားခဲ့ရသည်များကို သနားသဖြင့် ခွင့်လွှတ်တော်မူပါ"

မင်းကြီးက ကုမ္ဘဃောသကလုလင်ရဲ့ လျှောက်တင်မှုတွေကို ကြားနာရင်း ပြုံးတော်မူလိုက်ပြီး ခွင့်လွှတ်တော်မူလိုက်လေတယ်။

"အသင်လုလင်ဟာ ကြွယ်ဝချမ်းသာပါသော်လည်း ငါတည်းဟူသော မာနထောင်လွှားခြင်းမရှိဘဲ မိမိကိုယ်ကိုယ်နှိမ့်ချကာ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးနှင့် ချိုကျိုးနွားလား ဒွန်းစဏ္ဍားပမာ မာန်မာနကို နှိမ့်ချထားနိုင်သူဖြစ်ပေတယ်။ မွေခံထိုက်တဲ့ သားသမီးဖြစ်တဲ့အတွက် မိဘတို့ရဲ့အမွေဖြစ်တဲ့ ကုဋေလေးဆယ်ကို အတားအဆီးမဲ့ တူးဖော်ထုတ်ယူစေ"

မင်းကြီးက အမိန့်တော်ချမှတ်ပြီး သူဌေးဘွဲ့ကိုပါ အပ်နှင်းကာ သမီးတော်နဲ့လည်း ထိမ်းမြားလက်ဆက်ပေးလိုက်တော့သတဲ့ကွယ်။

နိဝါတောစ။

"ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးနှင့် ချိုကျိုးနွားလား ဒွန်းစဏ္ဍားပမာ မာန်မာနကိုနှိမ့်ချထားခြင်း၊ မာန်မာနမရှိ မိမိကိုယ်ကိုယ်နှိမ့်ချရခြင်း၊ မိမိကိုယ်ကိုယ် နှိမ့်ချရမယ်"လို့ မြန်မာလိုအဓိပ္ပာယ်ဖော်ဆောင်တဲ့ ဓမ္မပဒဇာတ်တော်လာမှတ်သားစရာ ပုံဝတ္ထုတစ်ခုပါပဲ။

သားတို့သမီးတို့၊ မောင်တို့မယ်တို့အတွက် သာမက လူတိုင်းလူတိုင်းအသိကြွယ်ကာ ကျင့်ဆောင်ကြရမယ့် "စိတ်ထားရေးမင်္ဂလာ" နည်းနာတွေပေါ့ကွယ်။ ။

# အနုပညာ

## အကောင်းဆုံးကေပေါ့ပ်ဆုကို လီဆာ ဆွတ်ခူး

လတ်လောပြုလုပ်ခဲ့တဲ့ 2022 MTV Video Music Awards(VMAs) ဆုပေးပွဲ ကေပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်သူ လီဆာက ယခုနှစ်အတွက် အကောင်းဆုံးကေပေါ့ပ်တေးသီချင်းဆုကို ဆွတ်ခူးခဲ့ကြောင်း အောကေပေါ့ပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့ BLACKPINK အဖွဲ့ဝင်တစ်ဦးဖြစ်သူ လီဆာရဲ့ တစ်ကိုယ်တော်တေးသီချင်းဟာ အကောင်းဆုံးကေပေါ့ပ်ဆုကို ဆွတ်ခူးခဲ့တာပါ။ ဩဂုတ် ၂၈ ရက်က ပြုလုပ်ခဲ့တဲ့ ယခုနှစ်အတွက် 2022 MTV Video Music Awards(VMAs) ဆုပေးပွဲမှာ လီဆာဟာ သူ့ရဲ့တေးသီချင်း Lalisa နဲ့ ထူးချွန်ဆုပိုင်ဆိုင်ခွင့်ရခဲ့တာလည်း ဖြစ်ပါတယ်။



အဆိုပါ ထူးချွန်ဆုကို လက်ခံရရှိခဲ့ပြီးနောက် အမှတ်တရ စကားပြောကြားစဉ်မှာ လီဆာက သူ့ရဲ့ထုတ်လုပ်သူနဲ့ ပရိသတ်တွေကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သလို အခြားသော အဖွဲ့ဝင်တွေကိုလည်း သူတို့ရဲ့ ပံ့ပိုးခဲ့မှုတွေအတွက် ကျေးဇူးတင်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

နယူးဂျာစီမှာ ပြုလုပ်ခဲ့တဲ့ အဆိုပါဆုပေးပွဲဟာ တစ်နှစ်တာအတွင်း ထွက်ရှိခဲ့တဲ့ တေးသီချင်းတွေနဲ့ တေးဗီဒီယိုတွေအနက် အကောင်းဆုံးသောလက်ရာတွေကို ရွေးချယ်ဆုချီးမြှင့်တာဖြစ်ပါတယ်။ ယင်းဆုပေးပွဲကို BLACKPINK အဖွဲ့ဝင်တွေအားလုံး တက်ရောက်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။



BLACKPINK ယခုနှစ် MTV Video Music Awards ဆုပေးပွဲအခမ်းအနား တက်ရောက်စဉ်။

အေး ပြည့် စု စည်း သည်

## ဆောင်းဟေကို နဲ့ ဟန်ဆိုဟီးတို့ကို ရုပ်သံဇာတ်လမ်းတွဲသစ်မှာ တွဲဖက်တွေ့မြင်ရမည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ဆောင်းဟေကိုဟာ သူ့ရဲ့ရုပ်သံဇာတ်လမ်းတွဲသစ်မှာ တက်သစ်စ မင်းသမီးတစ်ဦးဖြစ်သူ ဟန်ဆိုဟီးနဲ့ တွဲဖက်ပါဝင်သရုပ်ဆောင်မှာဖြစ်တယ်လို့ အောကေပေါ့ပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဩဂုတ် ၂၉ ရက်မှာ မင်းသမီးနှစ်ဦး ဇာတ်လမ်းတွဲသစ်မှာ အတူပါဝင်သရုပ်ဆောင်မှာဖြစ်ကြောင်း ထုတ်ပြန်ခဲ့တာပါ။ သူတို့နှစ်ဦးရဲ့ ဇာတ်လမ်းတွဲသစ်ကို The Price of Confession လို့ ယာယီအမည်ပေးထားပြီး ယင်းဇာတ်လမ်းတွဲသစ်မှာ သူတို့နှစ်ဦးစလုံးကို အဓိကအမျိုးသမီး ဇာတ်ဆောင်တွေအဖြစ် တွေ့မြင်ရမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲသစ်မှာ ဆောင်းဟေကိုကို ပန်းချီဆရာမတစ်ဦးအဖြစ် တွေ့မြင်ရမှာဖြစ်ပြီး ဟန်ဆိုဟီးကတော့ နားလည်ရခက်တဲ့အမျိုးသမီးတစ်ဦးနေရာကနေ ပါဝင်မှာဖြစ်တယ်လို့လည်း သိရပါတယ်။

## မိဘတွေဖြစ်လာတော့မယ့်

## အဲရစ် နဲ့ နာဟေမီ

တောင်ကိုရီးယား ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ အဲရစ်နဲ့ နာဟေမီတို့ဟာ မကြာမီမှာ မိဘတွေဖြစ်လာကြတော့မှာပါ။ နာဟေမီအနေနဲ့ ရင်သွေးလေးလွယ်ထားရပြီဖြစ်ကြောင်း လတ်တလောမှာ သတင်းတွေပေါ်ထွက်လာခဲ့တယ်လို့ ရက်ပ်လာဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



အမျိုးသားတေးဂီတအဖွဲ့ Shinhwa ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ အဲရစ်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ နာဟေမီတို့ လက်ထပ်ခဲ့ပြီးနောက် ငါးရက်ခန့်အကြာမှာ ဒေသတွင်း မီဒီယာတစ်ခုက နာဟေမီ ရင်သွေးလေးလွယ်ထားရပြီဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တာပါ။ ဒီသတင်းပေါ်ထွက်ခဲ့ပြီးနောက် အဲရစ်ရဲ့ အေဂျင်စီက မှန်ကန်ကြောင်း အတည်ပြုခဲ့ပါတယ်။


### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အောင်သန်းကြွယ် [၁၄/ပသန(နိုင်)၂၄၀၄၉၃]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း-၀၉-၇၉၀၁၄၅၅၄၅

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်မျိုးအောင် [၉/တကန(နိုင်)၁၇၅၉၅၀] ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း-၀၉-၇၉၀၁၄၅၅၄၅

### ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးအောင်ဗိုလ် [၉/ပဘန(နိုင်)၁၅၀၃၃၉] ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း-၀၉-၇၉၀၁၄၅၅၄၅

### ပတ်စ်ပို့ပျောက်

ကျွန်တော် ကိုသက်နိုင် [၉/တကန(နိုင်)၁၇၉၃၂၃ ]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း - ၀၉ ၄၅၂၆၀၄၈၇

### ပတ်စ်ပို့ပျောက်

ကျွန်မ မမေသဥ္ဇာဦး [၉/တကန(နိုင်)၁၉၄၈၈၂]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း - ၀၉ ၇၆၄၅၆၇၃၈၅

### ဥတုရာသီ တောကိုမှီ၏

### "အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည+ဋ္ဌ တိုးချဲ့)၊ မြေကွက်အမှတ်(၉၉)၊ (အလျား ၆၇ပေ x အနံ ၈၀ပေ)၊ ဧရိယာ(၀.၁၂၃)ဧက အကျယ်ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည+ဋ္ဌ)ရပ်ကွက်၊ ရွှေမြင့်မိုရ်လမ်း၊ အမှတ်(၉၉)ဟုခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် မတူး(ခ)ဒေါ်နွယ်နွယ်အေး [၁၂/လမန(နိုင်)၁၀၉၀၉၂] အမည်ပေါက်ကြောင်း၊ ရောင်းသူ ဒေါ်တင်မျိုးမျိုး [၁၂/ကတတ(နိုင်)၀၀၈၃၆၀]မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးဟန်ထူး[၁၂/မရက(နိုင်)၁၃၈၆၇၀]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေကွက်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုငြိမ်း LL.B., D.B.L., D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

### "အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၃၃၂)၊ (အလျား ၄၀ပေx အနံ ၆၀ပေ) အကျယ်ရှိ နှစ်(၆၀) မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ ဗိုလ်ချိန်လမ်း၊ အမှတ်(၃၃၂) ဟုခေါ်တွင်သော မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ဇင်မာခိုင် [၁၂/ဥကမ(နိုင်)၁၇၆၀၇၂]နှင့် ဒေါ်ထိုက်ထိုက်ကြည် [၁၂/ဥကမ(နိုင်)၁၅၃၃၂၄]တို့ အမည်ပေါက်ကြောင်း၊ ရောင်းသူ ဦးသက်သူရဝင်း [၁၂/ဥကတ(နိုင်)၀၀၀၉၆၀] မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးမို့မို့[၁၂/လမန(နိုင်)၁၄၇၉၉၁]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေကွက်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုငြိမ်း LL.B., D.B.L., D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၇၃၀၄၆၊ ၀၉- ၅၄၀၆၆၁၁**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်(၃၂ တိုးချဲ့)၊ တော်ဝင်လမ်း၊ မြေကွက်အမှတ်(၂၆)၊အကျယ်အဝန်း(၆၀ပေ×၈၀ပေ)ရှိ ဒေါ်အေးအေးခိုင် (၁၀/ရမန(နိုင်)၀၄၉၇၇၆) အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့်နေအိမ်အကျိုးခံစားခွင့်များအား တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးခိုင် ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်နိုင်ဇင်ဦး LL.B, D.B.L, D.I.P.L**
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၇၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်(၄၁)၊စွယ်တော်လမ်း၊ မြေကွက်အမှတ်(၁၆၄၈)၊အကျယ်အဝန်း(၄၀ပေ×၆၀ပေ)ရှိ ဒေါ်အေးအေးစံ(၁၂/ရကန(နိုင်)၀၀၆၄၄၅)အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့်နေအိမ်အကျိုးခံစားခွင့်များအား အထူးကိုယ်စားလှယ်လွှဲစာ(၁၈၉၈၁/၂၀၁၉)ဖြင့် ပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးကြည်ဝင်း(၁၂/ဥကတ(နိုင်)၀၀၀၁၆၂)ထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန်စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်နိုင်ဇင်ဦး LL.B, D.B.L, D.I.P.L**
လွှဲအပ်ညွှန်ကြားချက်အရ -
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၇၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၁၂ ရပ်ကွက်၊ ပါရမီလမ်း၊ Golden Parami Condo, Tower(A)403,Unit3,4th floor, အကျယ်အဝန်း (၁၇၉၀. ၀၅ စတုရန်းပေ) ရှိ Fully Decoration အပါအဝင် ကွန်ဒိုတိုက်ခန်းတစ်ခန်းနှင့်အကျိုးခံစားခွင့်များအား တရားဝင်ပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးကောင်းမြတ်ဇော်(၁၂/ဒဂန(နိုင်)၀၃၄၉၄၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်နိုင်ဇင်ဦး LL.B, D.B.L, D.I.P.L**
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၇၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊


အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း(mask)ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

## ဦးကိုကိုလေး (ဗိုလ်မှူးကြီးဟောင်း)
### တေဇ(၃)
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ တိုက်(၇)၊ အခန်း(၃)၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်နေ ဇေယျကျော်ထင် [ဗိုလ်မှူးကြီးလှတင် (ဂျပန်ခေတ်စစ်တက္ကသိုလ် ပထမပတ်)]- ဒေါ်ခင်နုနုတို့၏သားလတ်၊ [ဒေါက်တာမျိုးလွင် (ဗိုလ်မှူးကြီး-ငြိမ်း)]-ဒေါ်မူမူလှတင်၊ ဦးကိုကိုကြီး (ဌာနခွဲမှူး၊ ရန်ကုန်မြို့တော်စည်ပင်-ငြိမ်း)-ဒေါ်ချယ်ရီစိန်တို့၏ ညီ/မောင်၊ ဦးခင်မောင်ဝင်း (ဘရေ၊ သတ္တုတွင်းဝန်ကြီးဌာန-ငြိမ်း)-ဒေါ်လှဲ့လှဲ့တင်၊ [ဦးဘိုကြီး (မြန်မာ့ဆိပ်ကမ်း-ငြိမ်း)]-ဒေါ်လှယဉ်နု (ကကဌေ-ငြိမ်း)၊ ဦးဘိုလေး၊ ဦးခင်မောင်ဆွေ-ဒေါ်ညိုညိုတင်တို့၏အစ်ကို၊ ဒေါ်ဖြူမာသင်း၏ခင်ပွန်း၊ သားသမီး သုံးယောက်တို့၏ဖခင်၊ တူ/တူမ ၁၃ ယောက်တို့၏ ဦးလေးသည် ၂၆-၈-၂၀၂၂ ရက် နံနက် ၃ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု
မောင်နှမများ

---

## (၃)နှစ်ပြည့် လွမ်းဆွတ်သတိရ အမျှပေးဝေခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန်၊ မဟာရံတံတိုင်း ဒါယကာကြီး
### ဗိုလ်မှူးကြီး ညိုဝင်း(ငြိမ်း)
### ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်(ငြိမ်း)

ကိုမောင်ရေ.....(၃)နှစ်ရှိသွားပြီပေါ့နော်။ အရာအားလုံး ကြိုးစားဖြတ်သန်းနေဆဲပါ။ ကိုမောင်ရဲ့ မိသားစုအပေါ်ထားရှိတဲ့ ချစ်ခြင်းမေတ္တာတွေ၊ ဂရုတစိုက် စောင့်ရှောက်ပေးခဲ့တာတွေ၊ ကျေးဇူးတရားတွေကို ထာဝရ သတိရအောက်မေ့လျက်ပါ . . .

မိသားစုအတူပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှု၊ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်နေသည့် ကောင်းမှု၊ (၃)နှစ်ပြည့်အားရည်စူး၍ လိုအပ်လျက်ရှိသော နေရာများတွင် ရုပ်ပွားဆင်းတုတော်အလှူ၊ မုခ်ဦးအလှူ၊ လမ်းအလှူဒါနများ ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါသည် . . . သာဓုအနုမောဒနာ ခေါ်ဆိုပြီး မြင့်မြတ်စံပျော်ဗိမာန်ဘုံမှ နိဗ္ဗာန်ရွှေပြည်သို့ မျက်မှောက်ပြုပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည် ကိုမောင်ရေ.....

ချစ်ဇနီး — စိုးငယ်
ချစ်သားများ — ချမ်းမြေ့၊ ထူးထက်

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃/ဇေယျာသီရိ)၊ မြေကွက်အမှတ်(၂/၂၀၈)၊ ဧရိယာ ပေ(၂၅x၅၀)=(၁၂၅၀)စတုရန်းပေ=(၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်(၃၃၈)၊ (၁၂)လမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်သိန်းကြည် [၁၃/ဖခန(နိုင်)၀၁၂၀၀၅]၊ ဒေါ်ကြည်သန်း [၁၂/ခရန(နိုင်)၀၃၄၄၃၂]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ကြည်သန်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၅၂၆၉/၂၀၂၀ (၂၂-၁၂-၂၀၂၀)ဖြင့် မြေကွက်၏ အစိတ်အပိုင်း(၁၂ ၁/၂' x၅၀')အား ပိုင်ဆိုင်လာသူ ဒေါ်မူမူမြင့် [၁၂/သကတ(နိုင်)၀၄၃၄၁၈]မှ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်သိန်းကြည်နှင့်အတူ အမည်ပြောင်းပူးတွဲလျှောက်ထားရန် အဆင်မပြေသဖြင့် အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ကြည်သန်း ပိုင်ဆိုင်သောအစုအား ဂရန်မူရင်း၊ အရောင်းအဝယ်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မြေခွန်ပြေစာတို့တင်ပြ၍ တစ်ဖက်သတ် အမည်ပြောင်းလျှောက်ထားရာ ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်ကြင်အေး(ခရမ်းမြို့)
### အသက်(၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နေ (ဦးလှမောင်-ဒေါ်ကြူး)တို့၏သမီးထွေး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်းနေ [ဦးမြစီ(ခ) ဦးတော]၏ဇနီး၊ ဒေါ်မြတ်မာလာ၊ ဦးသန့်ဇော်-Dr.မြတ်သူဇာ၊ Dr.မြတ်ကိုကို၊ ဦးမြတ်ညီညီ၊ ဦးမြတ်ဘုန်းမောင်မောင်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ခြောက်ယောက်တို့၏ အဘွားသည် ၃၀-၈-၂၀၂၂ (အင်္ဂါနေ့) နံနက် ၀၀:၄၅ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးတရုတ်(ဖုကျန့်)သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၉-၂၀၂၂ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၉ နာရီအထိ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးခွန်ထွန်းလူ(ခ)ဦးဒီကီ
### "ဝ"ငြိမ်းချမ်းရေးအကျိုးဆောင်၊
### "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ (ငြိမ်း)

လားရှိုးမြို့နေ [ဒေါ်နန်းခမ်းပန်(ခ)ဒေါ်မာဂရက်]၏ခင်ပွန်း ဦးခွန်ထွန်းလူ(ခ)ဦးဒီကီ အသက်(၇၄)နှစ်သည် ၂၉-၈-၂၀၂၂ ရက်တွင် (၉၆)ပါးသောရောဂါဖြင့် နေအိမ်၌ ကွယ်လွန်သွားခဲ့ကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ**

---

## ဒေါ်ရွှေစင်မိုး (ကျောက်ပန်းတောင်း)
### စီးပွားရေးတက္ကသိုလ်(စာရင်းအင်း) (၉၄/၉၅)
### အသက်(၅၃)နှစ်

ရန်ကုန်မြို့နေ (ဦးမိုးချိုန်)- ဒေါ်သန်းနွဲ့တို့၏သမီး၊ (ဦးတင်ထွဋ်)- ဒေါ်ခင်ဆွေသန်းတို့၏ သမီးချွေးမ၊ (ဦးတင်မောင်မောင်)၏ဇနီး၊ မောင်ဝဏ္ဏအောင်၏ မိခင် ဒေါ်ရွှေစင်မိုးသည် ၃၀-၈-၂၀၂၂ (အင်္ဂါနေ့) နံနက် ၁၁:၁၅ နာရီတွင် ရွှေလမင်းအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးအောင်ကျော်ထူး
### ညွှန်ကြားရေးမှူး(ရှာဖွေရေးနှင့်ဖွံ့ဖြိုးရေး)
### အသက်(၅၇)နှစ်

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရှာဖွေရေးနှင့် ဖွံ့ဖြိုးရေးဌာနမှ ညွှန်ကြားရေးမှူး(ရှာဖွေရေးနှင့်ဖွံ့ဖြိုးရေး)ဦးအောင်ကျော်ထူး အသက်(၅၇)နှစ်သည် ၂၉-၈-၂၀၂၂ (တနင်္လာနေ့) ည ၈:၄၅ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်းအမှုထမ်းများ**
**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**
**စွမ်းအင်ဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ရွှေစင်မိုး (ကျောက်ပန်းတောင်း)
### စီးပွားရေးတက္ကသိုလ်(စာရင်းအင်း) (၉၄/၉၅)
### အသက်(၅၃)နှစ်

ရန်ကုန်မြို့နေ (ဦးမိုးချိုန်)-ဒေါ်သန်းနွဲ့တို့၏သမီး၊ (ဦးတင်ထွဋ်)-ဒေါ်ခင်ဆွေသန်းတို့၏ သမီးချွေးမ၊ (ဦးတင်မောင်မောင်)၏ဇနီး၊ မောင်ဝဏ္ဏအောင်၏မိခင် ဒေါ်ရွှေစင်မိုးသည် ၃၀-၈-၂၀၂၂ (အင်္ဂါနေ့) နံနက် ၁၁:၁၅ နာရီတွင် ရွှေလမင်းအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ဇာတိမြေမှ ငယ်သူငယ်ချင်း စကားဝါမောင်မယ်များအနေဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းရာသုဂတိရောက်ရှိပါစေ။

**စကားဝါမောင်မယ်များ**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ တိုက်အမှတ်(၆၅/ဘီ)၊ အခန်းအမှတ်(၁၂/G)(၁၂)လွှာ၊ **Kabar Aye Executive Residence (KER)** အကျယ်အဝန်း (၁၆၃၇စတုရန်းပေ) အကျယ်ရှိ ရေ×မီးစုံလင်စွာပါရှိသောကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းရှိ ဓါတ်လှေကားနှင့် ကားပါကင်အသုံးပြုခွင့်အပါအဝင် ကွန်ဒိုတိုက်ခန်းအတွင်းရှိ ပရိဘောဂအစုံအလင်၊ တွယ်ကပ်တပ်ဆင်ထားသော ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ **Living Square Construction Co.,Ltd** (ကုမ္ပဏီမှတ်ပုံတင်အမှတ်-**111367930**)(၎င်း၏ကိုယ်စား **MD** ဒေါ်အေးအေးသွယ် (၁၂/လမန(နိုင်)၁၂၇၁၆၄)လက်မှတ်ရေးထိုးသည်။)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရံငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေများ | |
|---|---|---|
| ဒေါ်မေမြတ်ချိန် | ဒေါ်ဝတ်ရည်ငွေ | ဦးရဲသီဟ |
| LL.B,D.B.L | LL.B,LL.M | LL.B |
| (စဉ်-၁၁၃၁၁) | (စဉ်-၃၆၉၁၇) | (စဉ်-၃၁၅၉၇) |

ရုံးချုပ် - အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ - 01 - 2304311, 510760, 510940, 510950, 500643, 502517
ရုံးခွဲ - အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ - 01 - 552742, 01- 559320, 01-8603230, 01-8603231
Email - soesanrealestate@gmail.com

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးအောင်ကျော်ထူး
### ညွှန်ကြားရေးမှူး(ရှာဖွေရေးနှင့်ဖွံ့ဖြိုးရေး)
### အသက်(၅၇)နှစ်

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရှာဖွေရေးနှင့်ဖွံ့ဖြိုးရေးဌာနမှ ညွှန်ကြားရေးမှူး(ရှာဖွေရေးနှင့်ဖွံ့ဖြိုးရေး) ဦးအောင်ကျော်ထူး အသက်(၅၇)နှစ်သည် ၂၉-၈-၂၀၂၂ (တနင်္လာနေ့) ည ၈:၄၅ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရှာဖွေရေးနှင့် ဖွံ့ဖြိုးရေးဌာနမိသားစု**
**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်လှ(B.A, Ed, BED)
### တိုင်းပညာရေးမှူး(ငြိမ်း)
### အသက်(၈၉)နှစ်

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၂၇)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တူ/တူမများ**

---

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲဖော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာ ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန်တိရစ္ဆာန်များကို အကာအကွယ် ရှိသောခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သော နေရာများသို့ အလျင်အမြန် ပြောင်းရွှေ့ နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်း လွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနကသတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာ များရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံ သို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**



**တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးရမည် ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပေါင်းစပ်ဆောင်ရွက်ရန်လို၊ တိုင်းရင်းသားများ၏ ဘာသာစကားနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းဆောင်ရွက်ရန်လိုသကဲ့သို့ မြန်မာစာပေ၊ မြန်မာစကားနှင့် မြန်မာ့ယဉ်ကျေးမှုကိုလည်း ထိန်းသိမ်းဆောင်ရွက်ကြရန်လို။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး တတိယနေ့၌ လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် အမိန့်ကြော်ငြာစာအမှတ် ၃၉ /၂၀၂၂ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အမိန့်ကြော်ငြာစာအမှတ် ၃၉ /၂၀၂၂
နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (Authorized Dealer) လိုင်စင်ရဘဏ်များမှတစ်ဆင့် ပြည်တွင်းသို့ လွှဲပြောင်းပေးပို့သည့် ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ နိုင်ငံခြားသုံးငွေဖြင့်ရရှိသော လုပ်ခ သို့မဟုတ် လစာဝင်ငွေများကို မိမိကိုယ်တိုင်အတွက် သုံးစွဲခြင်း၊ အခြားသူသို့ လွှဲပြောင်းခြင်း၊ ဘဏ်သို့ ရောင်းချခြင်းတို့ကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ပါသည်။


၃။ အဆိုပါ လုပ်ခ (သို့မဟုတ်) လစာဝင်ငွေများကို တစ်ဆင့်ဝယ်ယူထားသည့် လူပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများအနေဖြင့် ထပ်ဆင့်ရောင်းချခြင်းမပြုရ။ မိမိကိုယ်တိုင်သုံးစွဲခြင်း၊ AD လိုင်စင်ရဘဏ်သို့ ရောင်းချခြင်းကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ပါသည်။

၄။ အထက်အပိုဒ် ၂ နှင့် ၃ ပါအတိုင်း ဆောင်ရွက်ရာတွင် AD လိုင်စင်ရဘဏ်သို့ နိုင်ငံခြားငွေ ဝင်ရောက်သည့်နေ့မှစ၍ အပြီးသတ်ရောင်းချသည်အထိ အချိန်ကာလ စုစုပေါင်းသည် (၂၁) ရက်ထက် ကျော်လွန်ခြင်းမရှိစေရ။

၅။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

သန်းသန်းဆွေ
ဥက္ကဋ္ဌ

## ပုလဲကြိုးပြင်ကာကွယ်တော သတ်မှတ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ-(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာ အကျယ်အဝန်း ၂၆၁၇ ဧကရှိသော နယ်မြေကို "ပုလဲကြိုးပြင်ကာကွယ်တော" အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁၃၂/၂၀၂၂)အရ ၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း (၁)ရက် (၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

ပုလဲကြိုးပြင်ကာကွယ်တောသတ်မှတ်သည့် ဧရိယာ၏ အနီးပတ်ဝန်းကျင်ရှိ

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ☆

## ဘုန်းမောက်အသင်းက နည်းပြစကော့ပါကာအား ထုတ်ပယ်

ဘုန်းမောက်အသင်းဟာ ဩဂုတ် ၂၇ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၄)မှာ လီဗာပူးအသင်းကို ကိုးဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းကြောင့် နည်းပြ စကော့ပါကာကို ထုတ်ပယ်လိုက်ပြီဖြစ်တယ်လို့ ဩဂုတ် ၃၀ ရက်မှာ ကြေညာခဲ့ပါတယ်။

လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့ခြင်းဟာ ဘုန်းမောက်အသင်းအနေနဲ့ ပရီမီယာလိဂ်ပွဲစဉ်သုံးပွဲဆက် ရှုံးပွဲကြုံခဲ့ခြင်းဖြစ်ပြီး ပရီမီယာလိဂ်ရာသီအဖွင့်ပွဲစဉ်မှာသာ နိုင်ပွဲရရှိခဲ့တာဖြစ်လို့ ရမှတ်သုံးမှတ်နဲ့ အမှတ်ပေးဇယားအဆင့် (၁၇)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ **စာမျက်နှာ ၁၆ ကော်လံ ၄ သို့** ❖


ယနေ့ ဖတ်စရာ

**ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို စနစ်တကျ တပ်ဆင်ရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံရေး အသိပေးနှိုးဆော်ချက်**
စာမျက်နှာ » ၉

**လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်လာစေမည့် ဂျိုင်း(ဇာသပြင်)နှင့် အတ္ထရုံတံတား**
ဆောင်းပါး စာမျက်နှာ » ၁၁



**ပါကစ္စတန်နိုင်ငံ၌ တစ်ရက်အတွင်း ရုတ်တရက်ရေကြီးမှုကြောင့် အနည်းဆုံး ၇၅ ဦး သေဆုံးပြီး ၅၉ ဦး ဒဏ်ရာရ**
စာမျက်နှာ » ၁၃

**မြန်မာ ယူ-၁၉ အသင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် ယူ-၁၉ အသင်း ဒုတိယခြေစမ်းပွဲ ပြုလုပ်မည်**
စာမျက်နှာ » ၁၅